## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## (၁၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

## (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၄၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၁.၄၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။

။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၇-၇-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူ များရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်တဲ့ ဦးရေ ၃၄၇ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၇၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၇၉ ဦးအနက် ၁၁ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၆၈ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေဦး ခွင့် ၂ ရက်၊

(၂) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၂ ရက်၊

(၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၄) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၂ ရက်၊

(၅) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၂ ရက်၊

(၆) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၂ ရက်၊

(၇) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးငွေလွင်(ခ) ဦးဒီလုံး ခွင့် ၂ ရက်၊

(၈) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၂ ရက်၊

(၉) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၁၀) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက် ခွင့် ၂ ရက်၊

(၁၁) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၁၂) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၁၃) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၁၄) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၁၅) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၁၆) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၁၇) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၁၈) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိန်း ခွင့် ၂ ရက်၊

(၁၉) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၂၀) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၂ ရက်၊

(၂၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၂၂) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၂၃) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၂ ရက်၊

(၂၄) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်၊

(၂၅) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၂ ရက်

(၂၆) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၂ ရက်၊

(၂၇) မှိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၂ ရက်၊

(၂၈) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊

(၂၉) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၃၀) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၂ ရက်၊

(၃၁) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၂ ရက်၊

(၃၂) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း(ခ) ဦးထွန်းသိန်း ခွင့် ၂ ရက်၊

(၃၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၃၄) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၃၅) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၁ ရက်၊

(၃၆) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၂ ရက်၊

(၃၇) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၂ ရက်၊

(၃၈) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၂ ရက်၊

(၃၉) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၄၀) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၄၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၄၂) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၄၃) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိမ်းဘော ခွင့် ၁ ရက်၊

(၄၄) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၂ ရက်၊

(၄၅) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီးဖုန်ဆားရ် ခွင့် ၁ ရက်၊

(၄၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌွေး ခွင့် ၁ ရက်၊

(၄၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၈ ရက်၊

(၄၈) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၂ ရက်၊

(၄၉) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းဆွေ ခွင့် ၂ ရက်၊

(၅၀) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် ခွင့် ၂ ရက်၊

(၅၁) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၂ ရက်၊

(၅၂) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၂ ရက်၊

(၅၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၂ ရက်၊

(၅၄) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၂ ရက်၊

(၅၅) လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၅၆) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၁ ရက်၊

(၅၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၂ ရက်၊

(၅၈) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၅၉) နမ္မတူမဲဆန္ဒနယ်မှ ဦးဆက်အောင်လှ ခွင့် ၂ ရက်၊

(၆၀) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၆၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၆၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၂ ရက်၊

(၆၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးနေလင်း ခွင့် ၁ ရက်၊

(၆၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူ ခွင့် ၂ ရက်၊

(၆၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၂ ရက်၊

(၆၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၂ ရက်၊

(၆၇) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၂ ရက်နှင့်

(၆၈) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ယနေ့ ခွင့်ပန်ကြားသူအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၇၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**စမ်းချောင်းမြို့နယ်၊ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်များ၌ နောက်ဖေးလမ်းကြားများ အမှိုက်ပုံနေ၍ မီးလောင်မှုအန္တရာယ် စိုးရိမ်နေကြခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဦးအောင်စိန်(မာန်အောင် မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ့တင်ပြဆွေးနွေးမှာကတော့ ရန်ကုန်တိုင်း ဒေသကြီးအတွင်းပါ မြို့နယ်တော်တော်များများတွေ့မြင်နေရတာကတော့ နောက်ဖေးလမ်းကြားများမှာ အမှိုက်များစုပုံနေပါတယ်။ မီးဘေးအန္တရာယ်ကို စိုးရိမ်နေကြတယ်ဆိုတဲ့ဟာကို ဒီကိစ္စကို ကျွန်တော် မာန်အောင် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ တင်ပြရတာကတော့ ကျွန်တော့်မိသားစုကလည်း စမ်းချောင်းမှာပဲနေလို့ အဲ့ဒါသွားတိုင်းအမြဲတွေ့နေရတဲ့အတွက်ကြောင့် အခုလိုတင်ပြရခြင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းကိုယ်စားလှယ်တွေကိုလည်း ကြိုတင်ပြီးတော့ တောင်းပန်ပါတယ်။ လက်တွေ့မျက်မြင်မို့တင်ပြရတာပါ။ အဲ့ဒါပြောစရာတော့ ဖြစ်နေပါတယ်။ အရင်အပတ်တုန်းကလည်း ကျွန်တော် ရန်ကုန်- မန္တလေးအမြန်လမ်းကို တင်ခဲ့ပါတယ်။ နောက်ဒီအပတ်ကမ်းနားလမ်း ယာဉ်ပိတ်ဆို့မှုကိုတင် တယ်။ ယခုတစ်ခါ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ ထပ်ပြီးတော့တင်တာ အားလုံးကိုခွင့်လွှတ်ပါလို့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မြို့နယ်များအားလုံးလိုလိုပဲ။ အထူးသဖြင့် စမ်းချောင်း၊ အလုံ ၊ ကြည့်မြင်တိုင်နှင့် ကမာရွတ်မြို့နယ်များရှိ နောက်ဖေးလမ်းကြားများမှာ အမှိုက်ပုံ များမြင်မကောင်းရှုမ

ကောင်းအောင် တွေ့နေရပါတယ်။ အဲ့ဒီအမှိုက်ပုံတွေရဲ့ အနံ့ဆိုးများကြောင့် ကလေး၊ လူကြီးများအားလုံးကျန်းမာရေးထိခိုက်ပြီးတော့ အမှိုက်ကစပြေဿဒ်မီးလောင်ဆိုသလို အပေါ် ထပ်က စည်းကမ်းမရှိသူအချို့ နေ့စဉ်လွှတ်ပစ်နေကြတာကိုလည်း မြင်တွေ့ရပါတယ်။ စက္ကူနှင့် ပလပ်စတစ်အမှိုက်များ စနစ်တကျစုပုံပြီးတော့ လမ်းဘေးမှာဆေးလိပ်တိုများ လွှတ်ပစ်လိုက် ရင်နွေရာသီမှာ မီးလောင်မှုများ ဖြစ်ပွားပြီးတော့ ရပ်ကွက်ကအစ မြို့နယ်၊ မြို့နယ်ကအစ ခရိုင်အဆင့် မှာရှိတဲ့ မြို့နယ်များအားလုံး မီးလောင်ဆုံးရှုံးမဲ့အခြေအနေကို ရောက်နိုင်ပါတယ်ခင်ဗျား။ မြို့တော် စည်ပင်ကအမှိုက်များကို ပလပ်စတစ်အိတ်အနက်နဲ့ စုပုံဖို့ သတ်မှတ်ပေးထားပါတယ်။ အဲ့ဒီ ပလပ်စတစ်အိတ်ကလည်း ဒါကတော့ သူတို့ဇာတ်လမ်းတွေ ရှိပါတယ်။ ကျွန်တော်ဆက်မပြောပါဘူး။ အဲ့ဒီ နေရာသတ်မှတ်ပေးတာက လည်းဝေးလို့ အများအားဖြင့်မလိုက်နာတဲ့လူတွေများပါတယ်။ မြို့နယ် စည်ပင်ကလည်းလမ်းကြား အမှိုက်စွန့်ပစ် ရင် ဒဏ်ငွေချမှတ်မယ်ဆိုပြီးတော့ အသံကောင်းဟစ်နေ ပါတယ်။ ဒါပေမယ့် မလိုက်နာကြပါဘူး။ အဲ့ဒါကိုစည်ပင်ကလည်းထပ်ပြီးတော့ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူခြင်းမရှိပါဘူး။ သန့်ရှင်းရေးလည်း ပြုလုပ်ပေးခြင်းမရှိပါဘူး။ စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်ဓမ္မာရုံ လမ်းတစ်လျှောက်ဆိုရင် ပျံကျဈေးသည်တွေကြောင့် လူနဲ့မော်တော်ယာဥ် များသွားလာ လို့မရပါဘူး။ စမ်းချောင်းတောင်ရပ်ကွက် အထက (၃) ပတ်ဝန်းကျင်မှာ ဆီဆုံလမ်းနေ့ ရောညပါ ပျံကျဈေးသည်များရောင်းချနေပါတယ်။ ကြည့်မြင်တိုင်ညဈေး ပတ်ဝန်းကျင်နှင့် ကမာရွတ်၊ လှည်းတန်းဈေး အနောက်ဘက်တန်း တစ်လျှောက် အားလုံး လွှတ်ပစ်တဲ့အမှိုက်များဟာ တစ်နေ့ထက် တစ်နေ့ ပိုများလာပြီတော့ အမှိုက်သိမ်းတဲ့ကားများလည်း ရောက်ရှိရှင်းလင်း ခြင်းမရှိတဲ့အပြင် ကျွန်တော်တို့ ကြားနေရတာ မြို့တော်စည်ပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ပြန်ကျဈေးသည် များကို တရားမဝင်ဆက်ကန်ထရိုက်ပေးပြီးတော့ လပေးစနစ်နဲ့ဈေးကောက် ကောက်ပြီးတော့ သုံးစွဲနေတယ်ဆိုတာကိုလည်း ကြားရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ လူဦးရေများပြား ထူထပ်တဲ့ အရေးကြီးတဲ့ မြို့နယ်များမှာ တစ်ချို့လမ်းများ နှစ်ဖက်ညှိနှိုင်းပြီးတော့ ကိုယ်ထူကိုယ်ထ နောက်ဖေးလမ်းကြားတွေကို ကွန်ကရစ်ခင်းပါတယ်။ ဒါပေမယ့် ညှိနှိုင်းလို့မရတဲ့လမ်းတွေက များပါတယ်။ အများအားဖြင့် ညှိနှိုင်းလို့မရတာ ဘာပြောသလဲ

ဆိုတော့ မြို့တော်စည်ပင်ကနေပြီးတော့ သန့်ရှင်းရေးအခွန်ကအစ မီးခွန်၊ ရေခွန်အားလုံး အခွန်အရပ်ရပ်ကို ကောက်နေတာပဲ။ လုပ်စရာရှိရင် မြို့တော်စည်ပင်က လုပ်ပေးမှာပေါ့ဆိုပြီးတော့ ညှိနှိုင်း၍မရတဲ့အတွက်ကြောင့် အမှိုက်ပုံတွေဟာ တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့ ကြီးမားလာပါတယ်။ မြင့်လာပါတယ်။ ကျွန်တော်တို့ အခုဆိုလို့ရှိရင် စွန့်ပစ်အမှိုက်တွေဟာ ဆယ်စုနှစ်တစ်ခုအထိ ထပ်ကာထပ်ကာ စုပုံနေတဲ့အတွက်ကြောင့် စက္ကူများ၊ ကတ္တူပုံးများနှင့် ပလပ်စတစ်များဟာ တောင်ပုံရာပုံဖြစ်နေပါတယ်။ အထက်ပါအမှိုက်ပုံများအပေါ်မှာ စည်းကမ်းမရှိတဲ့လူတစ်ချို့ကြောင့် မီးလောင်မှုကို သတိမထားဘဲနဲ့ ဂရုမစိုက်ဘဲနဲ့ ဆေးလိပ်တိုများ ပစ်ချလိုက်ရင် တစ်မြို့နယ်က တစ်မြို့နယ်ကို ကူးစက်ပြီးတော့ မြို့နယ်အများအပြား မီးလောင်ပြာကျ သွားမှာကို စိုးရိမ်ပူပန်နေကြကြောင်း ကြားသိနေရပါတယ်။ သို့ပါ၍ ဖော်ပြပါ နောက်ဖေးလမ်းကြား အမှိုက်ပုံများကို အမြန်ဆုံးရှင်းလင်းပေးပါရန်နှင့် အခုလာမယ့် နွေရာသီမရောက်ခင် ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံး ဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြ သွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန် မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ နောက်ဖေးလမ်းကြား အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီဥပဒေ၊ နည်းဥပဒေပါ အမိန့်ကြော်ငြာစာအမှတ်(၁၀/၉၉) ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သန့်ရှင်းရေးဆိုင်ရာ

နည်းဥပဒေအခန်း(၇) တားမြစ်ချက်များအပိုဒ်တွင် မည်သူမျှ ရေမြောင်း အတွင်းသို့ဖြစ်စေ၊ အများပြည်သူနဲ့ သက်ဆိုင်သော လမ်းပေါ်သို့ဖြစ်စေ၊ နောက်ဖေးလမ်းကြားသို့ ဖြစ်စေ၊ အမှိုက် သို့မဟုတ် စပ်ဆုတ်ဖွယ်အရာကို လှဲချခြင်း၊ ပစ်ချခြင်း၊ သွန်ချခြင်း၊ ကျရောက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရဟုပါရှိရာ အများပြည်သူများအနေဖြင့် အမှိုက်များအား ကော်မတီမှ သတ်မှတ်ထားသော နေရာများနှင့် သတ်မှတ်ပေးထားသည့် စနစ်များအတိုင်းသာ စနစ်တကျ စွန့်ပစ်ရန်ဖြစ်ပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရန်ကုန်မြို့နေပြည်သူများ အမှိုက်စွန့်ပစ်နိုင်ရန်အတွက် လိုအပ်သော နေရာများတွင် အမှိုက်ကန်များ၊ အမှိုက်ပုံးများ ထားရှိပေးပြီး အမှိုက်သိမ်းယာဉ်၊ လှည်းများဖြင့် ရပ်ကွက်များအတွင်းပိုင်းအထိ ခေါင်းလောင်းတီးစနစ်ဖြင့် စွန့်ပစ်အမှိုက်များကို ဝင်ရောက်သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ နောက်ဖေးလမ်းကြားသို့ အမှိုက်များ စွန့်ပစ်မှုကို စွန့်ပစ်ခြင်းမှာ စည်းကမ်းမဲ့စွန့်ပစ်ခြင်းသာဖြစ်ပြီး ၎င်းကဲ့သို့ စွန့်ပစ်မှုကို တစ်ဦးတစ်ယောက်ချင်းမှ စောင့်ဆိုင်းဖမ်းဆီး အရေးယူမှုအတွက် ခက်ခဲပါသဖြင့် နောက်ဖေးလမ်းကြားသို့ အမှိုက်စွန့်ပစ်ခြင်း ပပျောက်ရေးအတွက် အရေးယူမှုအဖြစ် နောက်ဖေးလမ်းကြား အမှိုက်များကို ရှင်းလင်းစေလိုပါက နေထိုင်စွန့်ပစ်သူများက ပင် ၎င်းတို့အစီအစဉ်ဖြင့် စုပေါင်းကျခံစေပြီး၊ လုပ်သားငှားရမ်း၍ ရှင်းလင်းစုစည်းခြင်း၊ အမှိုက်သိမ်း ယာဉ်များအတွက် ယာဉ်ငှားရမ်းခကို ကော်မတီမှ ကင်းလွတ်ခွင့်ပေးပြီး ကုန်ကျသည့်စက်သုံးဆီကို ကျခံ စေသည့်စနစ်ဖြင့် သယ်ယူစွန့်ပစ်လျက်ရှိရာ နောက်ဖေးလမ်းကြားအမှိုက်များ ရှင်းလင်းလိုပါက သက်ဆိုင်ရာမြို့နယ်သန့်ရှင်းရေးတာဝန်ခံရုံးများနှင့် ခရိုင်ရုံးများသို့ ဆက်သွယ်၍ အထက်ပါ နည်းလမ်းအတိုင်း ရှင်းလင်းဆောင်ရွက်နိုင်ပြီး ဖော်ပြပါ အကြောင်းအရာများအား သက်ဆိုင်ရာ ကျေးရွာ အုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူး များမှတစ်ဆင့် အသိပေးနှိုးဆော်ပေးနိုင်ပါရန် ၂၆-၄-၂၀၁၃ ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသို့လည်း စာဖြင့် တရားဝင် အသိပေးအကြောင်းကြားပြီး ဖြစ်ပါသည်။ နောက်ဖေးလမ်းကြားအမှိုက်များအား အထက်အပိုဒ်(၂) တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၇

မြို့နယ်တွင် နောက်ဖေးလမ်းကြား ၂၃ ခု၊ ကားခေါက်ရေ ၇၈ ခေါက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၇ မြို့နယ်တွင် နောက်ဖေးလမ်းကြား ၅၉ခု၊ ကားခေါက်ရေ ၁၅၃ ခေါက်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ယခုအချိန်ထိ မြို့နယ် ၄ မြို့နယ်တွင် နောက်ဖေးလမ်းကြား ၁၅ ခု၊ ကားခေါက်ရေ ၃၄ ခေါက် သယ်ယူရှင်းလင်းပေးခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်ဖေးလမ်းကြားများသို့ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှု မရှိစေရေးအတွက် နေထိုင်သူများကပင် ဆက်လက်ထိန်းသိမ်းရန် လိုအပ်ပြီး နောက်ဖေးလမ်းကြားအမှိုက်များ ရှင်းလင်းလိုပါက အထက်အပိုဒ် ၂ ပါ နည်းလမ်းများအတိုင်း ရှင်းလင်း ဆောင်ရွက်မှုပြု လုပ်နိုင်ပါသည်။ ပျံကျဈေးသည်များနှင့် ပတ်သက်၍ ၎င်းတို့၏ ဈေးရောင်းချခြင်း မှ ထွက်ရှိလာသော ဈေးထွက်အမှိုက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ နေ့စဉ် ဈေးသိမ်းပြီးနောက်ပိုင်း သိမ်းဆည်း၍ သယ်ယူစွန့်ပစ်ပေးလျက်ရှိပြီး အဆိုပါ အမှိုက်များအတွက် သိမ်းဆည်းခကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ ဈေးများဌာနသို့ ဌာနချင်းတောင်းခံသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် ပျံကျဈေးသည်များထံမှ တရားမဝင် လပေးငွေကောက်ခံခြင်းမရှိဘဲ အထက်အပိုဒ်(၄)ပါ စနစ်ဖြင့်သာ ငွေကောက်ခံခြင်းကို ဆောင်ရွက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းပါနေရာများရှိ ပျံကျဈေးသည်များထံမှ ငွေကောက်ခံခြင်း မရှိကြောင်းကို သက်ဆိုင်ရာရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဈေးရုံကိုယ်စားလှယ်များထံမှ စိစစ်ချက်များနှင့်အတူ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ပုဂံ၊ ညောင်ဦးမြို့ နှစ်မြို့အတွက် အမှိုက်သယ်ယာဉ် (တစ်ပါ) ၆ စီးပံ့ပိုးပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာကသိနေတဲ့အလျှောက် နိုင်ငံတကာက နိုင်ငံခြားသားများ တော်တော်များများ လာရောက်နေပါတယ်။ ယခင်အစိုးရလက်ထက် မှာဆိုရင် ယခင်ကထက် ၂ ဆနီးပါးလာနေပါတယ်။ အဲ့အပြင် နောက်ထပ်လည်း ၃ ဆလောက်လာဖို့ ရှိတယ်ဆိုပြီးတော့ ကျွန်တော်တို့ ကြားသိနေရပါတယ်။ နောက် ပြည်တွင်းကဧည့်သည်တွေကလည်း တော်တော် များများ လာပါတယ်။ များသောအားဖြင့်တော့ နိုင်ငံခြားသားတွေကတော့ စည်းကမ်းရှိ လုပ်ကြပေမယ့် အမှိုက်တွေထည့်ကြပေမယ့် ပြည်တွင်းဧည့်သည်တွေ ပြစ်ခပ်ထည့်တာ ဒီဟာတွေကို လိုက်ကျုံးရတာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းဘေးတစ်လျှောက်မှာ အမှိုက်ပုံးတွေထား ထားပါ။ အမှိုက်ကမ်းစင် နယ်မြေ ဆိုပြီးတော့ စာရေးထားပါဆိုပြီးတော့ စာရေးထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ အမှိုက်သယ်တဲ့ကားက အဝေးကို ပြစ်ရတဲ့အခါကျတော့ ကားတွေက လက်ရှိအင်အား နည်းနေတယ်။ လက်ရှိစည်ပင်သာယာမှာရှိတဲ့ ကားတွေက နည်းပါးနေတာကတစ်ကြောင်း၊ တချို့ ပျက်စီးနေတာကတစ်ကြောင်း၊ လက်ရှိအင်အားနဲ့မနိုင်လို့ နောက်ထပ် ပုဂံအတွက် တစ်ပါ ၃ စီး၊ ညောင်ဦးအတွက် တစ်ပါ ၃ စီးထပ်မံပြီးတော့ ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော့်အနေနဲ့ ဒေသခံ များကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် မေးမြန်းသည့် မေးခွန်းနဲ့ပတ်သက်၍ မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေး အဖွဲ့ကွပ်ကဲမှု အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ တံမြက်စည်းလှည်းစနစ်ဖြင့် သိမ်းဆည်းခြင်း၊ ခေါင်းလောင်းတီးစနစ်ဖြင့် သိမ်းဆည်းခြင်း၊ အမှိုက်ကန်များတွင် စွန့်ပစ်စေ၍ အဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းခြင်းတို့ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့စည်ပင်သာယာရေးအဖွဲ့တွင် အမှိုက်သိမ်းယာဉ် ၆ စီးရှိ သည့်အနက် တစ်စီးမှာ အကြီးစားပြင်ဆင်လျက်ရှိပြီး ကျန်ယာဉ် ၅ စီးဖြင့် ပုဂံနှင့်ညောင်ဦးမြို့များ၌ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တစ်ရက်လျှင်အမှိုက်တန်ချိန် ၁၁.၂၅ တန်ခန့် သိမ်းဆည်းပေးလျက်ရှိပါတယ်။ မြို့ပေါ်အမှိုက်ထွက်ရှိမှုအပေါ်မူတည်၍ သန့်ရှင်းရေးလုပ် သားများ ထပ်မံဖြည့်တင်းဆောင်ရွက်လျက်ရှိပါတယ်။ အမှိုက်သိမ်းယာဉ် တစ်စီးလျှင် ကျပ် ၁၂.၅ သန်း ဖြစ်ပြီး ယာဉ် ၆ စီးအတွက် ကျပ် ၇၅ သန်းကုန်ကျမည်ဖြစ်ပါတယ်။ ညောင်ဦးမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ် ၄၄၃.၂၄ သန်း ဖြစ်သော်လည်း တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ် များမှ တင်ပြတောင်းဆိုထားသောလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ သုံးစွဲရန် လျာထားပြီးဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် ပုဂံမြို့သစ်တွင် မြို့ပြလမ်း ၁၁ လမ်းနှင့် ရေကျော်တံတား ၄ စင်း၊ ကျေးလက်လမ်း ၁ လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်း ၉ ခု ဆောင်ရွက်ရန်အတွက် ကျပ် ၁၁၇၆.၈၉ သန်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခွဲဝေချထားပေးခဲ့ပြီးဖြစ်ပါတယ်။ သို့ပါ၍ အမှိုက် သိမ်းယာဉ် ၆ စီး ပံ့ပိုးမှုမေးခွန်းနှင့် စပ်လျဉ်း၍ လက်ရှိအမှိုက်သိမ်းမှုကို လစ်ဟင်းမှုမရှိစေရေးစီမံကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်

လောလောဆယ် အမှိုက်သိမ်းယာဉ်များ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ အာလုံးကိုကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဖာပွန်မြို့တွင် အစိုးရတည်းခိုရိပ်သာ(သို့)ဧည့်ရိပ်သာတစ်ခုဆောက်လုပ်ပေးရန်အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ကိုယ်စား ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစောထွဋ်ခေါင်လွင်(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ်၊ ဖာပွန် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်၏ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စောထွဋ်ခေါင်လွင်မှ ကိုယ်စား မေးမြန်းခွင့်ပြုပါရန် တင်ပြတောင်းခံအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် ဖာပွန်မြို့နယ်ဟာ အခုအခါ တစ်မြို့နယ်၊ တစ်ခရိုင်၊ အထူးခရိုင်မြို့ဖြစ်နေပြီ ဖြစ်ပါ တယ်။ ခရိုင်အဆင့်နဲ့ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးပေါင်း ၃၄ ခုရှိပါတယ်။ ဖာပွန်မြို့ဟာ ကရင် ပြည်နယ်ရဲ့မြို့တော် ဘားအံမြို့မှ မိုင် ၁၀၀ ခန့် ကွာဝေးပြီး မော်တော်ကားလမ်းတစ်ခုတည်းကိုသာ အသုံးပြုကာ နေ့၊ ညရာသီမရွေး သွားလာနိုင်ခြင်း မရှိသေးပါ။ မြို့ပေါ်မှာ တည်းခိုခန်း၊ တည်းခိုရိပ်သာ များလည်းမရှိပါ။ ထို့ကြောင့် ဖာပွန်မြို့သို့ အခါအားလျော်စွာ လာရောက်ကြရတဲ့ အစိုးရအကြီးအကဲ များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများအတွက် ညအိပ်တည်းခို အခက်အခဲများစွာရှိနေပါ တယ်။ အိမ်ရှင်ဖြစ်သူ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများအတွက်လည်း ခေါင်းခဲစရာ ပြဿနာတစ်ခု ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ကရင်ပြည်နယ် ဖာပွန်မြို့တွင် အစိုးရတည်းခိုရိပ်သာ သို့မဟုတ် ဧည့်ရိပ်သာတစ်ခုဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိလျှင်မည်သည့်ကာလတွင်

ဆောက်လုပ်ပေးနိုင်မည် မရှိလျှင် အဘယ့်ကြောင့် ဆောက်လုပ်မပေးနိုင်သည်ကို သိရှိလိုပါကြောင်း လေးစားစွာ ကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ ဖာပွန်မဲဆန္ဒနယ် ဦးစိုင်းသန်းနိုင် ကိုယ်စား ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ဦးစောထွဋ်ခေါင်လွင် မှမေးမြန်းသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှာ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ ကရင်ပြည်နယ် ဖာပွန်မြို့တွင် ဧည့်ရိပ်သာလိုအပ်ချက် ရှိသည်မှာ မှန်ကန်ပါကြောင်း။ သို့ရာတွင် ဧည့်ရိပ်သာမရှိသေးသော်လည်း အစိုးရအဖွဲ့အကြီးအကဲ များ၊ ဌာနဆိုင်ရာများ၊ ဖာပွန်မြို့သို့ သွားရောက်ရာတွင် မြို့လယ်ဘုန်းကြီး ကျောင်းဓမ္မာရုံတွင် လည်းကောင်း၊ ဌာနဆိုင်ရာရုံးများ တွင်လည်းကောင်း တည်းခိုကြပါသဖြင့် ညအိပ် တည်းခိုရန်အခက် အခဲမရှိပါကြောင်း ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် နယ်မြေဖွံ့ဖြိုးရေးအခြေအန အရေ လောလော ဆယ်ပိုမိုလိုအပ်သည့် အရေးကြီးသောလမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်း စသည့် အခြေခံ အဆောက်အဦများပြည်စုံပြီးပါက ရိပ်သာဆောက်လုပ်ရေးကိုဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**နွယ်ခွေ-တိုးချဲ့-မြောက်ဥက္ကလာအမှတ်(၃)လမ်းသွယ်အား နိုင်ငံတော်မှပြန်လည်ခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကို လေ့လာရေးရောက်ရှိလာတဲ့ ဧည့်သည်တော်များ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါ တယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ကို ဖြတ်သွားတဲ့ အမှတ် ၁ လမ်းမနဲ့ အမှတ် ၃ လမ်းမ ကို ဆက်သွယ်တဲ့ ကျွန်တော်တို့ လွယ်ကူကျေးရွာအုပ်စု နောက်က တိုးချဲ့ မြောက်ဥက္ကလာသွားတဲ့ အမှတ် ၃ လမ်းသွယ်တစ်ခုရှိပါတယ်။ အဲ့ဒီအမှတ် ၃ လမ်းသွယ်ကိုလည်း ကျေးရွာတွေဟာ၊ ရပ်ကွက် တွေဟာ ပြည်သူများဟာ အားထားပြီးတော့ သွားနေရတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ယခင်က ကျွန်တော်တို့ အဲ့ဒီလမ်းမှာ ပို့ဆောင်ရေး ဆက်သွယ်ရေး ပေးတဲ့ ခရီးသည်တင်ယာဉ်လိုင်းများလည်းရှိပါတယ်။ အဲ့ဒီလမ်းမပေါ်မှာပဲ သစ်ဆိပ်ကြီးတစ်ခု ကလည်း တည်ရှိနေပါတယ်။ ယခုအခါမှာ အဲ့ဒီသစ်ဆိပ် က သစ်လုံးများသယ်တဲ့အတွက် ကြောင့်မိုလို့ လမ်းများပျက်စီးနေတာ ၃ နှစ်ကျော်ရှိပါပြီ။ ဒါ့ကြောင့်မို့လို့ ဒီ ၃ နှစ်ကျော် အတွင်းမှာလည်း လုပ်သားပြည်သူများ သွားလာရေးဟာ အင်မတန်မှ ခက်ခဲလျက်ရှိတာကို ပြည်သူများကနေပြီးတော့ တင်ပြလာခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းမေးချင်တာကတော့ ကျွန်တော်တို့ ဒီအမှတ် ၃ လမ်းသွယ်အား နိုင်ငံတော်မှ ပြန်လည်ပြီးတော့ခင်ကျင်းပေးနိုင်မှုရှိ/မရှိနှင့် ခင်းကျင်းပေးမည်ဆိုပါက မည်သည့်ကာလတွင် ခင်ကျင်းပေးမည်ဆိုတာကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းများ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ဆုမွန်ကောင်းတောင်းရင်း

နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၁)လမ်းမကြီးနှင့် အမှတ်(၃)လမ်းမကြီးအား ဆက်သွယ်ထားတဲ့ နွယ်ခွေတိုးချဲ့ မြောက်ဥက္ကလာက အမှတ် ၃ လမ်းသွယ်ကို နိုင်ငံတော်မှ ပြန်လည်ခင်းပေးရန်အစီအစဉ်ရှိ/မရှိ သိလိုကြောင်းမေးမြန်းခဲ့ပါတယ်။ ဒီမေးခွန်းကို ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်က ဖြေဆိုသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ပတ်သက်ပြီး တော့ ရန်ကုန်တိုင်ဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ် ၁ လမ်းမကြီးနှင့် အမှတ် ၃ လမ်းမကြီးအား ဆက်သွယ်ထားတဲ့ နွယ်ခွေလမ်း (၇၈၀၀ ပေ x ၂၂ ပေ) အား ကွန်ကရစ်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်း ကျပ်သိန်း ၅၆၂၅ သိန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။ ပြန်လည်ခင်းပေးရန်အစီအစဉ်ရှိပါ ကြောင်းနှင့် ဘဏ္ဍာငွေတင်ပြတောင်းခံပြီးတော့ ဘဏ္ဍာငွေခွဲဝေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ပျော်ဘွယ်မြို့နယ်အတွင်းဖြတ်သန်းသွားလာသော အဝေးပြေးလမ်းမကြီးအား မြို့ရှောင်လမ်းဖောက်လုပ် ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ် ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပျော်ဘွယ်မြို့နယ်အတွင်းမှာ ရန်ကုန် - မန္တလေးအဝေးပြေးလမ်းမကြီးဖြတ်သန်းတည်ရှိပါတယ်။ မြို့အတွင်းမှာ ကုန်တင်ယာဉ်များ၊

လူစီးအဝေးပြေးယာဉ်များဖြတ်သန်းသွားလာမှုလွန်စွာများပြားပါတယ်။ ကုန်တင်ယာဉ်ကြီး များ ဟာလည်း တန်ပိုကိစ္စကြောင့် တချို့ကားတွေဟာ ဝေးကွာလို့ခေါ်တဲ့ လူကာများ ဖြုတ်ထားတဲ့အတွက်ကြောင့် ဆိုင်ကယ်များဟာ လွန်စွာအန္တရာယ်များပါတယ်။ ယာဉ်ကြော ကြပ်မှုကြောင့် ကားဘီးအောက်ထဲကို တန်းကနဲဝင်ရောက်သွားနိုင်ပါတယ်။ မြို့အတွင်းမှာအသုံးပြုနေ တဲ့ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ ဆိုက်ကားတွေ၊ သုံးဘီးတွေနဲ့လည်း ယာဉ်ကြောတွေပြည့်ကြပ်နေပါ တယ်။ သို့ဖြစ်ပါ၍ ပျော်ဘွယ်မြို့အတွင်းဖြတ်သန်းသွားသော အဝေးပြေးလမ်းမကြီးအား မြို့ရှောင် လမ်းဖောက်လုပ်ပေးစေလိုပါတယ်။ ထိုသို့မြို့ရှောင်လမ်းဖောက်လုပ်ရန် အခက်အခဲရှိမယ်ဆိုရင်လည်း ယခုမြို့တွင်းမှာရှိတဲ့လက်ရှိ လမ်းမကြီးကို ဘယ်ညာတစ်ဖက်လျှင်ကား ၃ စီးစီမောင်းနှင်နိုင်တဲ့ ၆ လမ်း သွားအဖြစ် တိုးချဲ့ခင်းပေးပြီးတော့ ဘယ်ညာယာဉ်ကြောများမှာ အနှေးယာဉ်နှင့် ဆိုင်ကယ်များသီးသန့် သွားလာနိုင်အောင်လုပ်ဆောင်ပေးစေလိုပါတယ်။ သို့မှသာ မြို့နေလူထုအနေနဲ့ အသက်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်မှာဖြစ်ပါတယ်။ ထိုသို့ပြုလုပ်ပေးနိုင်/မပေးနိုင်သိရှိလိုပါကြောင်း ပြည်သူ့ ဆန္ဒအလေးထား၍မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်း ဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမှ ပျော်ဘွယ်မြို့နယ် အတွင်းဖြတ်သန်းသွားလာသော အဝေးပြေးလမ်းမကြီးအား မြို့ရှောင်လမ်းဖောက်လုပ်ပေးနိုင် ပါရန်နှင့် မြို့ရှောင်လမ်းဖောက်လုပ်ရန်အခက်အခဲရှိပါက မြို့တွင်းမှာရှိတဲ့လမ်းမကြီးအား ဘယ်ညာတစ်ဖက် လျှင် ကား ၃ စီးခန့်မောင်းနှင်နိုင်တဲ့ ၆ လမ်းသွားလမ်းအဖြစ်တိုးချဲ့ခင်းပေးပြီး ဘယ်ညာယာဉ်ကြော များတွင် အနှေးယာဉ်နှင့် ဆိုင်ကယ်လမ်းများ သီးသန့်ပြုလုပ် ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုကြောင်း မေးမြန်းခဲ့ပါတယ်။ ဒီမေးခွန်းကို မန္တလေးတိုင်းဒေသကြီး

အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ဆက်လက်ဖြေဆိုသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနှင့် ပတ်သက်ပြီး ပျော်ဘွယ်မြို့တွင်းလမ်းမကြီးအား ၆ လမ်းသွားလမ်းမအဖြစ် တိုးချဲ့ခင်းမည်ဆိုပါက လမ်းမကြီးအကျယ်ကိုတစ်ဖက်လျှင် ၃၆ ပေစီနဲ့ နှစ်ဖက် ၇၂ ပေ၊ လမ်းပခုံး ၆ ပေ အကျယ်စီနဲ့ နှစ်ဖက် ၁၂ ပေ၊ စုစုပေါင်းလမ်းအကျယ် ၈၄ ပေ လိုအပ်မှာဖြစ်ပါတယ်။ လမ်းမကြီးများကို ၄ လမ်းသွားနဲ့အထက်ဖြစ်ပြီးတော့ မြို့တွင်းဖြစ်ပါက အနည်းဆုံးလမ်းမြေပေ ၁၀၀ သတ်မှတ်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ သတ်မှတ်ပါက ယခုလက်ရှိ ပျော်ဘွယ်မြို့ တွင်းဖြတ်သန်းနေတဲ့ အဝေးပြေးလမ်းမကြီးရဲ့ဝဲ/ယာမှာကပ်လျက်ရှိတဲ့ အိမ်များအားလုံးဟာ လမ်းမြေနယ်နိမိတ်သတ်မှတ်မှုမှာပါဝင်သွားနိုင်ပါတယ်။ သို့ဖြစ်တဲ့အတွက် ကြောင့် ပျော်ဘွယ်မြို့ တွင်းလမ်းအကျယ်ဖောက်လုပ်ခြင်းအစား မြို့ရှောင်လမ်းဖောက်လုပ်ရန်သာ ပိုမိုသင့်လျော်ပါ သဖြင့် မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေးအတွက်ကို ကွင်းဆင်းတိုင်းတာ၍ ရန်ပုံငွေ ရရှိရေးတွက်ချက်တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**သုံးခွမြို့နယ် ရေထိန်းတံခါး(၃)ခုတွင် ရေတံခါးများအား လျှပ်စစ်မော်တာဖြင့် အမြန်ဖွင့်/ပိတ်ပြုလုပ်၍ ရအောင် မည်သည့်အချိန်တွင်ဆောင်ရွက်ပေးနိုင်မည်နှင့် တကောရေထိန်းတံခါးမှ သုံးခွမြို့(၂)ရပ်ကွက် တပင်ရွှေထီးလမ်း၊ သုံးခွရေထိန်းတံခါးမှ နံယောကျေးရွာနှင့် အနောက်ကျေးရွာဘုရားလေးလမ်းသို့ ဆက်သွယ်သောလမ်းများအား ကွန်ကရစ်လမ်းများအဖြစ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ လွှတ်တော်မှာ သုံးခွမြို့နယ်က ရေထိန်းတံခါး ၃ ခုဖြစ်တဲ့ သုံးခွရေထိန်းတံခါး၊ တကောရေထိန်းတံခါးနှင့် ကဒပွနတံခါး ၃ ခုနှင့်ပတ်သက်ပြီးတော့မှ မေးမြန်းခဲ့ပါတယ်။ ဒီလိုမေးတဲ့နေရာမှာ ဒီရေထိန်းတံခါး ၃ ခုမှာရှိတဲ့ တံခါးရွက်တွေကို လျှပ်စစ် မော်တာနဲ့ အလျင်အမြန်ဖွင့်/ပိတ်လို့ရအောင်စီစဉ်ပေးနိုင်မလား။

နောက်တစ်ခုက ဒီရေထိန်းတံခါး တွေကိုဖြတ်ပြီးတော့မှ လှေ၊ သဗ္ဗာန်တွေသွားလို့ရနိုင်မလားဆိုပြီးတော့ မေးခွန်းမေးခဲ့ပါတယ်။ ဒါနှင့် ပတ်သက်ပြီးတော့မှ ဒုတိယဝန်ကြီးကနေပြီးတော့ ဒီလျှပ်စစ်မော်တာတွေနဲ့ ရေထိန်းတံခါးတွေကို အမြန်ဖွင့်/ပိတ်နိုင်ဖို့အတွက် လျှပ်စစ်လိုင်းတွေ ရေထိန်းတံခါးမှာရောက်ပြီဆိုလို့ရှိရင် ဆောင်ရွက်ပေး ပါ့မယ်လို့ဖြေသွားတာရှိပါတယ်။ အခု ဒီရေထိန်းတံခါး ၃ ခုစလုံးမှာ လျှပ်စစ်ဓာတ်အားတွေရောက်နေ ပြီဖြစ်တဲ့အတွက် ဒုတိယဝန်ကြီး ပေးထားတဲ့ကတိအတိုင်း ကျွန်တော်မေးချင်တာကတော့ ဒီရေထိန်း တံခါး ၃ ခုမှာ မည်သည့်အချိန်မှာ ရေတံခါးများကို လျှပ်စစ်မော်တာဖြင့် အဖွင့်/အပိတ်ပြုလုပ်ပေးနိုင်မယ်ဆိုတာသိလိုပါတယ်။ နောက်တစ်ချက်အနေနဲ့ မိုးတွင်းကာလမှာ အဲ့ဒီရေထိန်းတံခါးတွေဖြတ်သန်း ပြီးတော့မှ ကုန်တင်လှေတွေမသွားနိုင်တဲ့အတွက် အဲ့ဒီရေထိန်းတံခါးတွေမှာ ကုန်တင်လှေတွေရပ်တန့် ပြီးတော့မှ အနီးဆုံးလမ်းတွေကို ကုန်တွေတင်နိုင်ဖို့အတွက် အောက်ပါလမ်းများကို ကွန်ကရစ်လမ်းများ အဖြစ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးလိုပါတယ်။ အဲ့ဒီလမ်းတွေကတော့-

(က) တကောရေထိန်းတံခါးကနေပြီးတော့မှ သုံးခွမြို့(၂)ရပ်ကွက် တပင်ရွှေထီးလမ်းတို့ဆက်သွယ်တဲ့ ၁.၂ ကီလိုမီတာခန့်ရှိတဲ့လမ်း

(ခ) သုံးခွရေထိန်းတံခါးကနေ နံ့ယောကျေးရွာကိုဆက်သွယ်တဲ့ ၁.၂ ကီလိုမီတာရှိတဲ့လမ်း

(ဂ) သုံးခွရေထိန်းတံခါးမှ အနောက်ကျေးရွာဘုရားလေးလမ်းသို့ဆက်သွယ်တဲ့ ၃.၈ ကီလိုမီတာရှိတဲ့လမ်း

အဲ့ဒီလမ်း ၃ လမ်းကို ကွန်ကရစ်လမ်းအဖြစ်ခင်းကျင်းပေးနိုင်ခြင်းရှိ/မရှိ။ မေးခွန်းအမှတ်(၂) အနေနဲ့ မေးလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ သုံးခွမြို့နယ် ရေထိန်းတံခါး(၃) ခု လျှပ်စစ်ဓာတ်အားရောက်ရှိပြီးဖြစ်၍ မည်သည့်အချိန်တွင်ရေတံခါးများအား လျှပ်စစ်မော်တာဖြင့် အမြန်ဖွင့်/ပိတ်ပြုလုပ်၍ရအောင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း စပ်လျဉ်းသည့်မေးခွန်းနှင့် တကောရေထိန်းတံခါးမှ သုံးခွမြို့(၂)ရပ်ကွက် တပင်ရွှေထီးလမ်း၊ သုံးခွရေထိန်းတံခါးမှ နံယောကျေးရွာနှင့် အနောက်ကျေးရွာဘုရားလေးလမ်းသို့ ဆက်သွယ်သော လမ်းများအား ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုကြောင်း မေးမြန်းခဲ့ပါတယ်။ ဒီမေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ဆက်လက်ဖြေဆို သွားမှာဖြစ်ပါတယ်။ မေးခွန်းပထမပိုင်းနှင့်ပတ်သက်ပြီး သုံးခွမြို့နယ်အတွင်းမှာရှိတဲ့ နန်ယောချောင်း ပေါ်မှာ သုံးခွရေထိန်းတံခါး၊ တကောချောင်းပေါ်မှာ တကောရေထိန်းတံခါး၊ ကဒပွနချောင်းပေါ်မှာ ကဒပွနတံခါးတို့ကို ပင်လယ်ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ရန်နှင့် ကွင်းအတွင်းမှ ပိုလျှံရေများ ထုတ်နှုတ်ပေးနိုင်ရန်၊ ရေချိုထိန်းသိမ်းပေးရန်စတဲ့ ရည်ရွယ်ချက်များနဲ့ တည်ဆောက်ထားပါတယ်။ ရေထိန်းတံခါးများမှာတပ်ဆင်ထားတဲ့ Silt Gate နှင့် U/S Flap Gate များကို ပုံမှန်ဆောင်ရွက် ရမည့်လုပ်ထုံးလုပ်နည်းများ (Rules and Regulation) အတိုင်း မေလဆန်းမှာ ကွင်းအတွင်းမှ ပိုလျှံရေများထုတ်နှုတ်နိုင်ရန်အတွက်ဖွင့်လှစ်ပါတယ်။ မိုးရာသီကုန်ဆုံးချိန် အောက်တိုဘာလကုန်မှာ ရေချိုထိန်းသိမ်းသိုလှောင်ရန် ပုံမှန်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ (Rules and Regulation) အတိုင်းချပိတ်ပါတယ်။ ယခုအခါ မိုးတွင်းကာလသို့ရောက်ရှိပြီဖြစ်တဲ့အတွက်ကြောင့် နုန်းတား ရေတံခါးရွက် (Silt Gate) များနှင့် U/S Flap Gate များကို ၁-၅-၂၀၁၃ ရက်နေ့မှစပြီးတော့ ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။

တကောရေထိန်းတံခါးမှာ နုန်းတာရေတံခါးရွက် (Silt Gate) များကို ဖွင့်/ပိတ်ရာမှာ ပိုမိုလွယ်ကူလျင်မြန်စေရန် Engine Driven Winch တပ်ဆင်ဆောင်ရွက်ထားပါတယ်။ တပ်ဆင် ထားတဲ့ Engine Driven Winch သည် လျှပ်စစ်မော်တော်တပ်ဆင်ပြီးတော့ အသုံးပြုသကဲ့သို့ပင်

လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ လျှပ်စစ်မော်တာ Electric Motor Driven Winch ကိုလည်း တပ်ဆင်ထားပြီးဖြစ်ပါတယ်။ တကောကျေးရွာကို သွယ်တန်းထားတဲ့လျှပ်စစ်မီး ဟာ သုံးခွမြို့လျှပ်စစ် ဓာတ်အားလိုင်းမှသွယ်တန်းထားတဲ့ 11 KV Line, KVA 160, 3 Phase ဖြစ်ပါတယ်။ ကျေးရွာသုံး လျှပ်စစ်မီးဖြစ်ပါတယ်။ Electric Driven Winch အတွက် လျှပ်စစ်မီးရရှိရေးကို တကောကျေးရွာ မီးလင်းရေးကော်မတီနဲ့ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ကျန်ရှိတဲ့ သုံးခွရေထိန်းတံခါးနှင့် ကဒပ္ပနရေထိန်းတံခါးတို့ကိုလည်း Engine Driven Winch များကိုတပ်ဆင်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ တကောရေထိန်းတံခါးရဲ့ D/S ဘက်မှာရှိတဲ့ နုန်းများကိုလည်း Mini Dredger စက်ဖြင့် ၆-၆-၂၀၁၃ ရက်နေ့မှစပြီးတော့ တူးဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယပိုင်းမေးခွန်းအနေနဲ့ တကောရေထိန်းတံခါးမှ (၂) ရပ်ကွက် တပင်ရွှေထီးလမ်းကို ဆက်သွယ်တဲ့လမ်းမှာ အရှည် ၂၈၀၀ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ၁ ပေရှိပြီး လက်ရှိ မြေသားလမ်းဖြစ်ပါတယ်။ တကောရေထိန်းတံခါးမှ (၂) ရပ်ကွက် တပင်ရွှေထီးလမ်းကို ဆက်သွယ်တဲ့ လမ်းကို မြေသားလမ်းပြုပြင်ခြင်းအရှည် ၈၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေအတွက် ခန့်မှန်းငွေကျပ် ၇.၆၈ သိန်းနှင့် အဆိုပါလမ်းအားအရှည် ၂၈၀၀ ပေ၊ အကျယ် ၈ ပေ၊ ၉ လက်မထု ကွန်ကရစ်လမ်းခင်းခြင်းအတွက်ကို ခန့်မှန်းကုန်ကျငွေကျပ် ၅၃၀ သိန်း၊ စုစုပေါင်းလမ်းပြုပြင်ခြင်း အတွက်ကို ငွေကျပ် ၅၃၇.၆၈ သိန်းကုန်ကျမည်ဖြစ်ပါတယ်။ လမ်းရေရှည်ခိုင်ခံ့ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက်ကို တပင်ရွှေထီးလမ်းအဝင် အုတ်ခုံခံကွန်ကရစ်တံတား (၁၅ x ၁၂ x ၅) ပေ တစ်စင်းအတွက်ကို ခန့်မှန်းငွေကျပ် ၅၀ သိန်းနှင့် ၁ ၁/၂ လက်မ ရေပြွန်တစ်စင်းအတွက်ကို ခန့်မှန်းငွေကျပ် ၆ သိန်း၊ စုစုပေါင်းငွေကျပ် ၅၆ သိန်းကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါ လမ်းအရှည် ၂၈၀၀ ပေ၊ အကျယ် ၈ ပေ၊ ၉ လက်မထု ကွန်ကရစ်လမ်းအဆင့်မြှင်တင်ခင်းခြင်းအတွက်ကို ငွေကျပ် ၅၃၇.၆၈ သိန်း၊ အုတ်ခုံခံကွန်ကရစ်တံတားနှင့် ရေပြွန်တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ၅၆ သိန်း၊ စုစုပေါင်းခန့်မှန်းငွေကျပ် ၅၉၃.၆၈ သိန်းကုန်ကျမှာဖြစ်ပါတယ်။ သုံးခွမြို့နယ် စည်ပင် သာယာရေးအဖွဲ့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေမှာ ကျပ်သိန်း ၁၂၀၀

ကျပ်လျာထားပြီး တော့ တစ်နှစ်အတွက် လမ်းနှင့် တံတားလုပ်ငန်းများအားလုံးပြီးမြောက်အောင် ဆောင်ရွက်ရန် ရန်ပုံငွေ မလုံလောက်ပါသဖြင့် သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စပြီးတော့ အဖွဲ့ရန်ပုံငွေတွင် ဘတ်ဂျက်လျာထားသတ်မှတ်ပြီးတော့ ရန်ပုံငွေခွင့်ပြုချက်ရရှိမှုအပေါ် မူတည်ပြီးတော့ လုပ်ငန်းကိုအပိုင်းလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သုံးခွရေထိန်းတံခါးမှ နံယောကျေးရွာသို့ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းအရှည် ၄၂၀၀ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၂ ပေ ၆ လက်မဖြစ်ပြီးတော့ လက်ရှိမြေသားလမ်းဖြစ်ပါတယ်။ သုံးခွရေထိန်းတံခါးမှ နံယောကျေးရွာကိုဆက်သွယ်ထားတဲ့လမ်းကို မြေသားတာဘောင်ဖို့ပြုပြင်ခြင်း အရှည် ၂၀၀ ပေ၊ အကျယ် ၁၄ ပေနှင့် အမြင့် ၂ ပေအတွက်ကို ခန့်မှန်းကုန်ကျငွေ ၂.၂၄ သိန်း၊ အဆိုပါလမ်းအရှည် ၄၂၀၀ ပေ၊ အကျယ် ၃ ပေ၊ ၉ လက်မ ထုနှစ်ဖက်ဘီးလမ်း ကွန်ကရစ်ခင်းခြင်းအတွက် ငွေကျပ် ၇၁၅ သိန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေ ၇၁၇.၂၄ သိန်းကုန်ကျမှာဖြစ်ပါတယ်။ သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေမှာ ကျပ်သိန်း ၁၂၀၀ အဖြစ်လျာထားသတ်မှတ်ပြီးဖြစ်တဲ့အတွက်ကြောင့် အဖွဲ့ရန်ပုံငွေနဲ့ဆောင်ရွက်ရန် ငွေလုံလောက်မှုမရှိပါ။ သို့ဖြစ်၍ သုံးခွမြို့နယ်ရေထိန်းတံခါးမှ နံယောကျေးရွာသို့ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်နှစ်ဖက်ဘီးလမ်းသွား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းအတွက် လိုအပ်မည့်ငွေ ၇၁၇.၂၄ သိန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် လျာထားသတ်မှတ်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ထောက်ခံချက်နဲ့တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိတဲ့အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

သုံးခွရေထိန်းတံခါးမှ အနောက်ကျေးရွာဘုရားလေးလမ်းသို့ ဆက်သွယ်တဲ့ ကျေးလက်လမ်းမှာ လည်း မြေသားလမ်းအရှည် ၁၀၅၀၀ ပေနှင့် အမာခံဂဝံလမ်းအရှည် ၂၀၅၇ ပေ၊ စုစုပေါင်း ၁၂၅၅၇ ပေရှိပါတယ်။ သုံးခွရေထိန်းတံခါးမှ အနောက်ကျေးရွာဘုရားလေးလမ်းကိုဆက်သွယ်တဲ့ ကျေးလက် လမ်းအရှည် ၁၅၀၀ ပေနှင့် အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၆ လက်မ

မြေသားတာဘောင် ပြုပြင်ခြင်းအတွက်ကို ခန့်မှန်းငွေကျပ် ၁၈ သိန်းနှင့် အဆိုပါလမ်းကို အရှည် ၁၂၅၅၇ ပေ၊ အကျယ် ၃ပေ၊ ၉ လက်မထုနဲ့ နှစ်ဖက်ဘီးလမ်းသွားကွန်ကရစ်လမ်းခင်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၁၄၀ သိန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေ ၂၁၅၈ သိန်းကုန်ကျမှာဖြစ်ပါတယ်။ သုံးခွရေထိန်းတံခါးမှ အနောက်ကျေးရွာဘုရားလေးလမ်း ကိုဆက်သွယ်ထားတဲ့ ကျေးလက်လမ်းမပေါ်မှာ ၁ ၁/၂ လက်မ ရေပြွန် ၃ စင်းအတွက်ကို ခန့်မှန်းငွေကျပ် ၁၈ သိန်းနှင့် ၂ လက်မရေပြွန် ၂ စင်းအတွက်ကို ခန့်မှန်းကုန်ကျငွေ ၁၅ သိန်း၊ Box Culvert ပြုပြင်ခြင်းအတွက်ကို ခန့်မှန်းငွေကျပ် ၈ သိန်း၊ စုစုပေါင်းငွေကျပ် ၄၁ သိန်းကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါလမ်းအရှည် ၁၂၅၅၇ ပေ၊ အကျယ် ၃ ပေ၊ ၉ လက်မထုနှစ်ဘက်ဘီးလမ်းသွားကွန်ကရစ်ခင်းခြင်းအတွက်ကို ငွေကျပ် ၂၁၅၈ သိန်းနှင့် ၎င်းလမ်းပေါ်မှာရှိတဲ့ရေပြွန် ၅ စင်းနှင့် Box Culvert (၁) စင်းပြုပြင်ခြင်း အတွက်ကို ငွေကျပ် ၄၁ သိန်း၊ စုစုပေါင်းခန့်မှန်းငွေ ၂၁၉၉ သိန်းကုန်ကျမှာဖြစ်ပါတယ်။

သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေမှာ ကျပ်သိန်း ၁၂၀၀ သိန်းဖြစ်ပြီးတော့ အဆိုပါလမ်းနှင့် တံတားဆောက်ခြင်းအတွက်ကို လိုအပ်တဲ့ ၂၁၈၁ သိန်းနဲ့ဆောင်ရွက်ရန် ရန်ပုံငွေလုံလောက်မှုမရှိတဲ့အတွက်ကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ လျာထားသတ်မှတ် နိုင်ရေး ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ထောက်ခံချက်နဲ့ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို ၄၅ မိနစ်ခန့်ရပ်နားပါ့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင် တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**တန်ဖိုးနည်း Mobile Phone များ အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးရန်နှင့် တိုင်စိုက်ရန် အချိန်ကြာမည်ဆိုပါက နီးစပ်ရာ မြို့နယ်/ကျေးရွာများရှိ ဖုန်းတိုင်များဖြင့် ဆက်သွယ်အသုံးပြု၍ ရရှိနေသော Mobile Phone များကို မြောင်မြို့အတွက် ခွဲတမ်းချရောင်းချပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်အတွင်းမှာရှိတဲ့ မြို့နယ် ၃ ခုအနက် ကျွန်တော်တို့ မြောင်မြို့နယ်ဟာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး ဆက်သွယ်ရေးအနိမ့်ဆုံးဖြစ် နေပါတယ်။ မန္တလေး-မုံရွာကားလမ်းမကြီးက ၇ မိုင်သာဝေးပေမယ့် ဆက်သွယ်ရေးအရ နိမ့်ကျနေပါ တယ်။ လူဦးရေ ၁၁၀၀၀၀ ခန့်မှီတင်းနေထိုင်ပြီးတော့ အဓိကအသက်မွေးမှုက လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ တောင်သူလုပ်ငန်းဖြစ်သဖြင့် တောင်သူလယ်သမားက ၈၅ ရာခိုင်နှုန်းရှိပါတယ်။ စစ်ကိုင်းခရိုင်အတွင်းမှာရှိတဲ့ စစ်ကိုင်းနှင့် မြင်းမူ ၂ မြို့နယ်မှာ အဝေးပြေးလမ်းမကြီးပေါ်မှာရှိပြီး ဆက်သွယ်ရေးကောင်းမွန်ပါတယ်။ ယခုအသစ်ချပေးလိုက်တဲ့ တန်းဖိုးနည်း Mobile Phone ဒိုင်များ ကိုလည်း အဆိုပါမြို့နယ်များကို စိုက်ထူပေးတဲ့အတွက် ၁၅၀၀ ကျပ်တန်

တန်ဖိုးနည်းဖုန်းများကို အဆိုပါမြို့နယ်များကသုံးခွင့်ရပြီး ကျွန်တော်တို့ မြောင်မြို့နယ်က ဝန်ထမ်းတွေရော၊ မဲဆန္ဒရှင်တွေရော ဟာ အဆိုပါ Mobile Phone သုံးခွင့်မရတဲ့အတွက် နီးစပ်ရာမြို့နယ်တွေက ဖုန်းတွေကို အမြတ်ပေးပြီး ဝယ်ယူအသုံးပြုနေတာ သိရှိရပါတယ်။ အဲဒီလို မြောင်မြို့နယ်တစ်ခုတည်းသာ ကျန်နေပြီးတော့ Mobile Phone သုံးခွင့်မရတဲ့ ကိစ္စနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်တွေဟာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ တာဝန်မကျေဘူးလို့ ခံစားနေကြကြောင်း သိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ Mobile Phone ဒိုင်များ စိုက်ထူရေးနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကြယ်ပွင့်မပြမေးခွန်းနှင့်မေးမြန်းခဲ့တဲ့အတွက် ပြည်ထောင်စုဝန်ကြီးက ၂၇-၈-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ဆဆက/၃-၀၂/၀၁၀(၂၀၁၂/၈၄၃၂)ဖြင့် ပြန်ကြားချက်အရ မြောင်မြို့နယ်ကို ၂၀၁၃-၂၀၁၄ မှာ ဘဏ္ဍာနှစ်အတွင်းမှာ ဆောင်ရွက်ပေးပါမယ်လို့ ပြန်ကြားခဲ့ပါတယ်။ သို့ပါ၍ အဆိုပါ ဆက်သွယ်ရေး Mobile Phone ဒိုင်များ စိုက်ထူရေးကို အမြန်ဆုံးအကောင်အထည်ဖော် ပေးနိုင်ရေး အတွက် မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ် ခင်ဗျား။ ပတ်ဝန်းကျင်မြို့နယ်အားလုံးမှာ အသုံးပြုခွင့်ရနေတဲ့ တန်ဖိုးနည်း Mobile Phone များ အသုံးပြုခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်ရက်၊ မည်သည့်ကာလမှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ဖုန်းဒိုင် စိုက်ဖို့ အချိန်ကြာဦးမယ်ဆိုရင်လည်း နီးစပ်ရာမြို့နယ်၊ ကျေးရွာများရှိ ဖုန်းဒိုင်ကနေပြီး ဆက်သွယ်ရရှိ နေတဲ့ တန်ဖိုးနည်းဖုန်းများကို မြောင်မြို့နယ်အတွက် ခွဲတမ်းချရောင်းချပေးရန် အစီအစဉ်ရှိ/မရှိ သိလို ပါကြောင်း မဲဆန္ဒရှင်များကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သနပ်ပင်မြို့နယ်အတွင်း ဗဟိုကျသည့် ကျေးရွာများတွင် GSM/CDMA (တာဝါတိုင်) စခန်းများ အမြန်ဆုံးတည်ဆောက်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းပုံသဏ္ဍာန်တူတဲ့အတွက် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆက်လက် မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိန်ထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများနှင့် လေ့လာရေးအတွက် တက်ရောက်လာကြသော ဧည့်သည်တော် များအားလုံး ကာယစိတ္တနှစ်ဖြာ သောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ထွန်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး၏ကိုယ်စားမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်မှာ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၆၆ အုပ်စု ရှိပြီးတော့ ကျေးရွာပေါင်း ၁၀၀ ကျော်ရှိပေမယ့် သနပ်ပင်မြို့ပေါ်မှာတွင်သာ တစ်ခုတည်းသော GSM စခန်းရှိသည့်အတွက် ယနေ့ရောင်းချပေးနေသော အဖိုးနည်း CDMA SIM Card များအား ရောင်းချ ဝယ်ယူနိုင်ခြင်းမရှိဘဲ မြို့ပေါ်ရပ်ကွက်နှင့် အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာ ၅ ရွာမျှကိုသာ GSM Mobile Phone ဖြင့်ဆက်သွယ်အသုံးပြုနေရပါတယ်။ သနပ်ပင်မြို့နယ်အတွင်းမှာရှိကြတဲ့ ကျေးရွာ အားလုံး Mobile Phone များကောင်းမွန်စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် သနပ်ပင်မြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၁၀၀ ကျော်အတွင်းမှာ အချက်အချာကျတဲ့ မင်းရွာ၊ ကမာစဲကျေးရွာ၊ ကုလားချောင်းကြီးကျေးရွာ၊ ကုက္ကိုကျေးရွာနှင့် ကျိုက်မဲကျေးရွာတို့မှာ GSM/CDMA (တာဝါတိုင်) စခန်းများ အမြန်ဆုံးတိုးချဲ့တပ်ဆင်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ပါ၍ သနပ်ပင်မြို့နယ် အတွင်း အချက်အချာကျတဲ့ကျေးရွာများမှာ GSM/CDMA နှင့် VDMA တာဝါတိုင်စခန်းများ အမြန်ဆုံးတည်ဆောက်ပေးပါရန်နှင့် တည်ဆောက်ဖို့ အစီအစဉ်ရှိ/မရှိ။ အစီအစဉ်များအားလုံး ကိုလည်း သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထူးလေးစားစွာ ဆွေးနွေးမေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

[သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးကိုယ်စား ဦးစိန်ထွန်း၊ ထန်းတပင်မဲဆန္ဒနယ်မှ မေးမြန်း ပါသည်။]

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းငွေရဲ့မေးမြန်းမှုနှင့် ဦးမြင့်ဦးရဲ့ မေးမြန်းမှုကို သက်ဆိုင်ရာဝန်ကြီးဌာန မှတစ်ပေါင်းတစ်စည်းတည်း ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေရဲ့ တန်ဖိုးနည်း Mobile Phone များအသုံးခွင့်ရရှိရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးဖို့နဲ့ မည်သည့်ရက်ကာလမှာ ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်းနှင့် တိုင်စိုက်ဖို့အချိန်ကြာမယ် ဆိုလို့ရှိရင်လည်း နီးစပ်ရာ မြို့နယ်၊ ကျေးရွာများရှိ ဖုန်းတိုင်များနှင့် ဆက်သွယ်အသုံးပြု၍ ရရှိတဲ့ Mobile Phone တွေကို မြောင်မြို့နယ်အတွက် ခွဲတမ်းချရောင်းချပေးဖို့ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ကျွန်တော် ပြန်လည်ဖြေကြားသွားပါမယ်။ ကျွန်တော်တို့ MEC Tel ကုမ္ပဏီဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ရှိတဲ့ မြို့တွေမှာ မုံရွာ၊ စစ်ကိုင်း၊ မြင်းမူ၊ ချောင်းဦး၊ အရာတော်နှင့် ရွှေဘို ၆ မြို့နယ်ကိုပဲ CDMA-800 MHZ တာဝါတိုင်တွေကို တည်ဆောက်ထားတာဖြစ်ပါတယ်။ မြောင်မြို့မှာ MEC Tel ကုမ္ပဏီဟာ ၁၅၀၀ ကျပ်တန် CDMA-800 MHZ တာဝါတိုင်တွေ တပ်ဆင်ထားခြင်း မရှိသေးပါဘူး ဥက္ကဋ္ဌကြီး ခင်ဗျား။ မြောင်မြို့နှင့် အနီးဆုံး CDMA-800 MHZ တာဝါတိုင်ဟာ မြင်းမူမြို့မှာ တပ်ဆင်ထားတာရှိ ပြီးတော့ မြောင်မြို့နှင့်ဆိုလို့ရှိရင် မြင်းမူမြို့ကိုအဖြောင့်တိုင်းမယ်ဆိုရင် ၁၀ မိုင် ဝေးကွာတတ်တဲ့ ဒီ MEC Tel ကုမ္ပဏီရဲ့ ၁၅၀၀ ကျပ်တန် တန်ဖိုးနည်းဖုန်းဟာ မြောင်မြို့တွင် ကောင်းမွန်စွာ အသုံးပြုခြင်း မရှိကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ ကျွန်တော်တို့မဖြစ်မနေဆောင်ရွက်သွားပေးဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့

မြေပြင်အခြေအနေကို ကွင်းဆင်းလေ့လာဖို့လည်း အားလုံးစီစဉ်ပြီးဖြစ်ပါတယ်။ မြောင်မြို့နယ် Mobile Telephone ဆက်သွယ်ပြောဆိုနိုင်ဖို့အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီးတော့ အစောဆုံးကာလ စီမံကိန်းလုပ်ငန်းမှာ ထည့်သွင်းဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်းတင်ပြလိုပါတယ်။ ဒီလိုဆောင်ရွက်ပေးသွားလို့ တိုင်များစိုက်ထူပြီးလို့ ရှိရင်လည်း Telephone Card များကို ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း ညှိနှိုင်းပြီးတော့ သူတို့ရဲ့အစီအစဉ်နှင့် ရောင်းချပေးနိုင်ဖို့ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ သနပ်ပင်မြို့နယ်အတွင်း ဇဟိုကျတဲ့ကျေးရွာများမှာ GSM/CDMA (တာဝါတိုင်) စခန်းများ အမြန်ဆုံးတည်ဆောက်ပေးဖို့နဲ့ ပတ်သက်တဲ့ မေးခွန်းကို ကျွန်တော်ဖြေကြားပေးပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့မှာ GSM Radio စခန်း တည်ဆောက်ပေးထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် အခုတင်ပြလာတဲ့ သနပ်ပင်မြို့နယ်အတွင်း ဇဟိုကျ တဲ့ကျေးရွာများမှာ တယ်လီဖုန်းဆက်သွယ်ပြောဆိုနိုင်ဖို့အတွက် ဒီဒေသတွေရဲ့ လူဦးရေ၊ မြေပြင်အခြေ အနေ၊ အဝေးဆက်ကြောင်းရရှိနိုင်မှုစတဲ့ အသေးစိတ်စိစစ်တွက်ချက်ရမယ့် အပိုင်းလေးတွေကို ကွင်းဆင်းလေ့လာစိစစ်ဖို့ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းပြီးတော့ ကျွန်တော်တို့တင်ပြလာတဲ့ အစီအစဉ် ဦးစားပေးမှုတွေအပေါ် အခြေခံ ပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ အခုအနီးစပ်ဆုံး ဆက်လက်အကောင်အထည် ဖော်ပေးမယ့် စီမံကိန်းလုပ်ငန်းမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**တန်ဖိုးနည်း Mobile Phone များ လိုအပ်သော ပြည်သူများအတွက် ဝယ်ယူသုံးစွဲနိုင်ရန် နိုင်ငံတော် အစိုးရမှ မည်ကဲ့သို့ အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိလိုသည့်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညိုဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီး/ ပြည်နယ်များတွင် မှီတင်းနေထိုင် ကြကုန်သော ပြည်သူအများအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများ လိုအပ်သော ပြည်သူတိုင်း ဝယ်ယူသုံးစွဲနိုင်ရန် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ အစီအမံများ ဆောင်ရွက် လျက်ရှိကြောင်း သိရှိလိုပါသည်ဆိုသည့် မေးခွန်းနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် မှီတင်းနေထိုင်ကြကုန်သော ပြည်သူအများစုသည် တိုးတက်ဖွံ့ဖြိုး နေသော ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေ နေထိုင်ကြသော ပြည်သူအများစုသည် တိုးတက်မှုကို ထာဝရလိုလားလျက်ရှိနေကြပါသည်။ နိုင်ငံတော်အစိုးရမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ၊ ပြည်သူတိုင်း သုံးစွဲဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးနေတဲ့အတွက် ပြည်သူများ နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးတင်ရှိ လျက်ရှိကြောင်း ကြားမြင်သိရှိနေရပါတယ်။ သို့သော်လည်းပဲ နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်သူအများစုသည် ဆင်းရဲနွမ်းပါးသူ လက်လုပ်လက်စားလုပ်ကိုင်သူ ကျေးလက် ပြည်သူများ အများစုပင်ဖြစ်ပါသည်။ နိုင်ငံတော်မှ တန်ဖိုးနည်းဖုန်းများချထားပေးရာမှာ

လုံလောက်မှုမရှိသေးဘဲ ခွဲတမ်းစနစ်၊ မဲနှိုက်ရတဲ့စနစ်မျိုးများ တွေ့ရှိနေရတဲ့အတွက် အချိန်ကုန် လူပန်းဆိုတဲ့ ပြည်သူများ ခံစားနေရခြင်းဘဝမှ လွတ်မြောက်စေရန် ပြည်သူတိုင်းလိုအပ်လျှင် လိုအပ်သလို ဝယ်ယူသုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့အစီအမံများ ဆောင်ရွက်နေ သည်ကို တိုင်းဒေသကြီး/ပြည်နယ်များတွင် မှီတင်းနေထိုင်ကြကုန်သော ပြည်သူများ သိရှိစေခြင်း အကျိုးငှာ ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း ( ဒုတိယဝန်ကြီး၊ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန )** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ရှင်းလင်းဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းတွေကို ရောင်းချတဲ့အခါမှာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် လူဦးရေ၊ စီးပွားရေးအခြေအနေ၊ ဒီပြည်နယ်/တိုင်းဒေသကြီးမှာ တပ်ဆင်ထားတဲ့ မိုဘိုင်းဖုန်းလိုင်းအင်အား စတာတွေကို အခြေခံပြီးတော့ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တွေရဲ့ စီမံဆောင်ရွက်ပေးမှုနဲ့ လအလိုက်ခွဲဝေရောင်းချပေးလျက်ရှိပါတယ်။ နောင်လည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ရောင်းချပေးသွားမယ့် အစီအစဉ်ရှိနေပါတယ်။ ဆက်လက်ရောင်းချ ပေးသွားမှာ ဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ နိုင်ငံတကာဆက်သွယ်ရေးဝန်ဆောင်မှုလုပ်နေတဲ့ ကုမ္ပဏီတွေ၊ ကျွန်တော်တို့ ပြည်တွင်းက ကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီးတော့လည်း ကျွန်တာ်တို့ ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဆက်သွယ်ရေးအခြေခံအဆောက်အအုံတွေ တည်ဆောက်ပြီးတော့ ပြည်သူ့ ဗဟိုပြု လိုအပ်တဲ့ဝန်ဆောင်မှုတွေကို ပေးသွားမှာဖြစ်တဲ့အတွက် မကြာမီကာလအတွင်းမှာပဲ ကျွန်တော် တို့ ဈေးကွက်ဝယ်လိုအားကို ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မှာ

ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျွန်တော်တို့ပြည်သူတွေ မိုဘိုင်းတယ်လီဖုန်းတွေကို လွယ်လင့်တကူ ဝယ်ယူနိုင်မှာဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သုံးခွမြို့နယ်တွင် Mobile Phone များ သုံးစွဲရာတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဖုန်းခေါ်ဆိုမှု ခက်ခဲခြင်းများသည် မည်သည့်အကြောင်းကြောင့် ဖြစ်ရခြင်းနှင့် အလွယ်တကူခေါ်ဆို၍ရအောင် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ တောင်ဥက္ကလာပမြဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တက်ရောက်လာသူများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါ စေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေးနဲ့ပတ်သက်ပြီးတော့မှ မေးခွန်းနှစ်ခု မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်မှာ မိုဘိုင်းတယ်လီဖုန်းများ သုံးစွဲရာမှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ စပြီးတော့မှ သုံးခွမြို့နယ်အတွင်းမှာ ရှိတဲ့ မိုဘိုင်းဖုန်းများဟာ ခေါ်ဆိုဖို့ခက်ခဲခြင်း အကြိမ်များစွာ ခေါ်ဆိုသော်လည်း ခေါ်၍မရခြင်းများ မည်သည့်အကြောင်းကြောင့်ဖြစ်ရသည်ကို သိရှိလိုပါသည်။ မေးခွန်း(၂) အခြားမြို့နယ်များနည်းတူ အလွယ်တကူခေါ်ဆို၍ရအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ဆက်သွယ်ရေးနှင့် တင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်မှာ မိုဘိုင်းတယ်လီဖုန်းများ သုံးစွဲရာ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှစပြီးတော့ မိုဘိုင်းဖုန်းများခေါ်ဆို၍

ခက်ခဲခြင်း၊ အကြိမ်များစွာ ခေါ်ဆိုပေမယ့် ခေါ်၍မရခြင်းများ မည်သည့်အကြောင်းကြောင့်ဖြစ်ရခြင်းနဲ့ အခြားမြို့နယ်များနည်းတူ အလွယ်တကူခေါ်ဆို၍ရအောင် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းရတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းဖြေကြားတင်ပြသွားပါမယ်။ ပထမအချက်အနေနဲ့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်မှာ GSM ရေဒီယိုစခန်းတစ်ခုကို ၂၂-၇-၂၀၁၁ ရက်နေ့မှာ TRX Configuration (4,4,4)နဲ့ အဝေးဆက်သွယ်မှု 1E1 ချိတ်ဆက်ပြီးတော့ အသုံးပြုတဲ့အခါမှာ အဲဒီဒေသ မှာ တယ်လီဖုန်းသုံးစွဲသူများပြီးတော့ တပ်ဆင်ပေးထားတဲ့ လိုင်းအင်အားနဲ့ မလုံလောက်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ခေါ်ဆိုရခက်ခဲခြင်းမျိုး ဖြစ်ပေါ်ခဲ့တာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ၄-၅-၂၀၁၃ ရက်နေ့မှာ အထက်ပါသုံးခွမြို့နယ် GSM စခန်းရဲ့ TRX Configuration ကို (6,6,6) သို့ တိုးမြှင့်ပြီးတော့ အဝေးဆက်သွယ်မှု 2E1 နဲ့ချိတ်ဆက်တဲ့အတွက် လိုင်းအင်အားတိုးချဲ့ တပ်ဆင်ပေးခဲ့တဲ့အခါမှာ GSM တယ်လီဖုန်းများ လွယ်ကူစွာခေါ်ဆိုဆက်သွယ်နိုင်လျက်ရှိပါကြောင်း ကျွန်တော် စိစစ်အဖြေရရှိပြီးဖြစ်ပါကြောင်း ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးဖြေကြား အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း**

**ဥက္ကဋ္ဌ။** ။အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်မောင်ဦး ရွှေပြည်သာမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ) အရ ၁၉၅၄ ခုနှစ် နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးတင်မောင်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်အနေနဲ့ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ဥပဒေပညာရှင်မဟုတ်ပါဘူး။ လောလောဆယ် ဒီဥပဒေဟာ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်နေတဲ့ ဥပဒေလည်းဖြစ်ပါတယ်။ ရှိလည်းရှိခဲ့ပြီး တဲ့ ဥပဒေလည်းဖြစ်ပါတယ်။ ပြုပြင်ပြီးတော့အသုံးချမယ်ဆိုရင် ယနေ့နိုင်ငံတော်အတွက် များစွာအသုံး ဝင်မယ့်ဥပဒေ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ပြင်ဆင်ချက်များကို တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စား လှယ်များ၊ ကော်မတီကော်မရှင်များကနေ ဝိုင်းဝန်းပံ့ပိုးစဉ်းစားပြီးတော့ အတည်ပြုပေးနိုင်ဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အထိမ်းအမှတ်ဆိုတဲ့ အဓိပ္ပာယ်မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတစ်ခု၏ သို့တည်းမဟုတ် ထိုနိုင်ငံတစ်စိတ်တစ်ဒေ သ၏အလံ သို့တည်းမဟုတ် တံခွန် သို့တည်းမဟုတ် အခြားအထိမ်းအမှတ်ကို ဆိုလိုတဲ့အပြင် ထိုစကား ရပ်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတစ်ခု၏ သို့တည်းမဟုတ် ထိုနိုင်ငံတစ်စိတ်တစ်ဒေသရဲ့ အသက်အထင်အရှားရှိသော သို့တည်းမဟုတ် ကွယ်လွန်ပြီးသော အမျိုးသားခေါင်းဆောင်၏ ဓာတ်ပုံသည်လည်းကောင်း၊ အမျိုးသားခေါင်းဆောင် နှင့် ဆင်တူယိုးမှားဖြစ်သော အရာဝတ္ထုသည် လည်းကောင်း ပါဝင်တယ်လို့ ဖော်ပြထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင် ဆိုတဲ့ အသုံးအနှုန်းဟာ အလွန်တရာမှတန်ဖိုးမြင့်မား တာမို့ အလေးထားကြရမှာဖြစ်သလို အမျိုးသားခေါင်းဆောင်ဆိုတာ ကိုယ့်ကိုကိုယ် သတ်မှတ်လို့လည်း မရပါဘူး။ အမိန့်ကြော်ငြာ စာတွေ ထုတ်ပြန်ပြီးတော့လည်း သတ်မှတ်လို့မရပါဘူး။ ပြည်သူများရဲ့ ရင်ထဲကနေပြီးတော့ သတ်မှတ်ရွေးချယ်ပေးတဲ့ သတ်မှတ်ချက်ဖြစ်တာမို့ အလွန်အလေးအနက်ထားရ မယ့်ပုဂ္ဂိုလ်ကိုသာ ရွေးချယ်ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာတင်ပြရရင် တရုတ်နိုင်ငံမှာ မော်စီတုန်း၊ အိန္ဒိယနိုင်ငံမှာ မဟတ္တမဂန္ဒီ၊ ထိုင်းနိုင်ငံမှာ ဘူမိတော၊ အမေရိကန်နိုင်ငံမှာ လင်ကွန်းစတဲ့

ပုဂ္ဂိုလ်များကို ရွေးချယ်သတ်မှတ်ခဲ့ကြသလို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အများသိပြီး ဖြစ်တဲ့အတိုင်း အမျိုးသားခေါင်းဆောင်အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းကို သတ်မှတ်ခဲ့ကြတာ သိပြီးဖြစ်မှာဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အထိမ်း အမှတ်ဓာတ်ပုံ၊ ပန်းချီကားချပ်စတာတွေကို နိုင်ငံတော်တွင်း ရုံးဌာန၊ နေအိမ်၊ အဆောက်အဦ တွေမှာ အလေးအမြတ်ထားပြီးတော့ ချိတ်ဆွဲ ခြင်းအားဖြင့် ဘယ်စနစ်၊ ဘယ်ခေတ်ကိုရောက်ပါစေ ကျွန်တော်တို့အမျိုးသားခေါင်းဆောင်ကို သားစဉ် မြေးဆက် အထွဋ်အမြတ်ထားချင်တဲ့စိတ်ဓာတ်၊ အလေးအမြတ်ထားချင်တဲ့စိတ်ဓာတ်၊ ကျေးဇူးတရားသိ တတ်တဲ့စိတ်ဓာတ်တွေ ထာဝစဉ် ကိန်းအောင်းနေဖို့ ရည်ရွယ်ပြီးတော့ မူလဥပဒေမှာပါတဲ့ ခေတ် ကာလနဲ့ မလျော်ညီတော့တဲ့ အသုံးအနှုန်းတွေကို တစ်ပါတည်းပြင်ဆင်နိုင်စေဖို့ ပြည်သူများ အနေနဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာစေဖို့ ရည်ရွယ်ပြီးတော့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်မှာ ပြင်ဆင်စရာ၊ အသစ်ရေးဆွဲစရာ ဥပဒေပေါင်း များစွာရှိနေတာကို အသိပဲဖြစ်ပါ တယ်။ ရုပ်ရှင်ဇာတ်ကားတစ်ကားကောင်းဖို့ဆိုရင် သရုပ်ဆောင်တွေဘယ်လောက်ကောင်းကောင်း မူလ အခြေခံကောင်းတဲ့ ဇာတ်ညွှန်းကောင်းမှသာ ရုပ်ရှင်ကားကောင်းတစ်ကား ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ အလားတူ ကြီးအားထည်ဝါတဲ့ အဆောက်အဦတစ်ခု တည်ဆောက်တဲ့အခါမှာလည်း အင်ဂျင်နီယာတွေ ဘယ်လောက်ပဲ ကျွမ်းကျင်တတ်ကျွမ်းစေကာမူ မူလဒီဇိုင်းထုတ်လုပ်တဲ့ ပညာရှင် ကောင်းဖို့လိုပါတယ်။ ယနေ့ဒီမိုကရေစီနိုင်ငံထူထောင်တဲ့အခါမှာလည်း အခြားသောမဏ္ဍိုင်များ အားနဲ့အင်နဲ့ ဆောင်ရွက်သည်ဆိုသော်ငြားလည်း ဒီမိုကရေစီရဲ့အသက်ဝိဉာဉ်ဖြစ်တဲ့ ကျွန်တော်တို့ ဥပဒေပြုတဲ့လွှတ်တော်များ အားမကောင်းခဲ့ရင် စစ်မှန်တဲ့ဒီမိုကရေစီကိုရောက်ရှိဖို့ နှောင့်နှေးမှာ ဖြစ်ပါတယ်။ ဒီ့အတွက် ပြည်သူများ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ပြောင်းလဲလာတဲ့ ခေတ်စနစ် နှင့် ကိုက်ညီပြီးတော့ ပြည်သူတွေကိုအကျိုးပြုမယ့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဥပဒေတွေပေါ်ထွန်းလာဖို့ အတွက် ပြည်သူ့အသံကို နားထောင်ပြီးတော့ အသင်းအဖွဲ့တွေ၊ ကော်မတီကော်မရှင်တွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အကြံများနှင့် ပေါင်းစပ်ပြီးတော့ ဒီနေ့ကျွန်တော်တင်သွင်းတဲ့ ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဝိုင်းဝန်း

ဆွေးနွေးနိုင်ဖို့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အဆိုတင်သွင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဦးရဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် လွှတ်တော်၌ လက်ခံဆွေးနွေးရန် သင့်တော်သည့်အဆိုဖြစ်ပါသဖြင့် လက်ခံဆွေးနွေးပေးပါရန် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်( ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန )။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်ကနေပြီးတော့ ဦးတင်မောင်ဦးအဆိုတင်သွင်းတဲ့ ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ ဆင်ယင်ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ ကျွန်တော်ကဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော် အထိမ်းအမှတ်များ ဆင်ယင် ပြသမှုကန့်သတ်ရေးအက်ဥပဒေကို ၁၉၅၄ ခုနှစ် အက်ဥပဒေပုဒ်မ ၄၇ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေအရ ပုဒ်မ ၂ ပုဒ်မခွဲ (က)မှာ နိုင်ငံတော် အထိမ်းအမှတ် ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုရဲ့ သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတစ်ခုရဲ့ သို့တည်းမဟုတ် ထိုနိုင်ငံတစ်စိတ်တစ်ဒေသရဲ့ အလံ သို့တည်းမဟုတ် တံခွန် သို့တည်းမဟုတ် အခြားအထိမ်းအမှတ်ကို ဆိုလိုသည့်အပြင်

ထိုစကားရပ်တွင် အချုပ်အခြာအာဏာပိုင် သို့တည်းမဟုတ် လက်အောက်ခံနိုင်ငံတစ်ခုရဲ့ သို့တည်းမဟုတ် ထိုနိုင်ငံတစိတ်တဒေသ၏ အသက်အထင်အရှားရှိသော သို့တည်းမဟုတ် ကွယ်လွန်ပြီးသော အမျိုးသားခေါင်းဆောင် ဓာတ်ပုံသည်လည်းကောင်း၊ အမျိုးသားခေါင်းဆောင်နှင့် ဆင်တူယိုးမှားဖြစ်အောင် တနည်းနည်းဖြင့် ပြုလုပ်ထားသောပုံသည်လည်းကောင်း၊ နိုင်ငံတော်အထိမ်းအမှတ်နှင့် ဆင်တူယိုးမှားဖြစ်သော အရာဝတ္ထုသည်လည်းကောင်း ပါဝင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်အထိမ်းအမှတ်ကို အက်ဥပဒေပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ယခု တည်ဆဲအက်ဥပဒေပုဒ်မ ၅ အရပြုလုပ်သည့် အမိန့်တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်ခြင်းမရှိသော ပြည်သူအများ မြင်သာအောင် ဆင်ယင်ပြသခြင်းကို တားမြစ်ထားပါတယ်။ ပြည်သူအများ သို့တည်းမဟုတ် ပြည်သူအချို့ သွားလာပိုင်ခွင့်ရှိသည့်လမ်းကြီး၊ လမ်းငယ်၊ တံတား၊ လမ်းကြား သို့တည်းမဟုတ် လူသွားလမ်းပေါ်မှာလည်းကောင်း ပြည်သူများက သို့တည်းမဟုတ် ပြည်သူအချို့က အခကြေးငွေပေး၍လည်းကောင်း အခြားနည်းဖြင့်ဖြစ်စေ၊ ဝင်ထွက်နိုင်သည့်ဥပစာတွင်သော်လည်းကောင်း၊ နိုင်ငံတော်အထိမ်းအမှတ် တစ်ခုခုကိုဆင်ယင်ပြသလျှင် သို့တည်းမဟုတ် အဆိုပါလမ်းမကြီး၊ လမ်းငယ်၊ တံတား၊ လမ်းကြား သို့တည်းမဟုတ် လူသွားလမ်း သို့တည်းမဟုတ် ဥပစာတစ်ခု ခုတွင် သွားလာဝင်ထွက်နေသော သို့တည်းမဟုတ် ရှိနေသောပြည်သူများအနက် တစ်ဦးဦးမြင်သာအောင် ဆင်ယင်ပြသလျှင် ထိုနိုင်ငံတော်အထိမ်းအမှတ်ကို ပြည်သူများ မြင်သာအောင် ဆင်ယင် ပြသသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော် အထိမ်းအမှတ် ဆင်ယင်ပြသမှုကန့်သတ်မှုအက်ဥပဒေ ပုဒ်မ ၄ မှာ နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင် ပြသနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ အဲ့ဒါတွေကတော့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ နိုင်ငံတော် အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကို သံတမန်အဖြစ် သို့တည်းမဟုတ် ကောင်စစ်ဝင်ကိုယ်စားလှယ်အဖြစ် နည်းလမ်းတကျစေလွှတ်ခြင်း ခံရသူ နိုင်ငံခြား သားက မိမိနိုင်ငံရဲ့နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း၊ သင်္ဘော သို့တည်းမဟုတ် လေယာဉ်ပျံပေါ်တွင် နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်း၊ ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက် ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြသခွင့်ရသည့် ရုပ်ရှင်ကားကို

ပြသနေစဉ် နိုင်ငံတော် အထိမ်းအမှတ် တစ်ခုကိုပြသခြင်း၊ ရုပ်ရှင်ပြသခြင်းဆိုင်ရာ အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ ပြသခွင့် ရသည့်ရုပ်ရှင်ကားတစ်ခုခု၊ ကြော်ငြာရန်အရုပ်၊ ကား၊ ဓာတ်ပုံ၊ ပိုစတာ၊ သို့တည်းမဟုတ် ရုပ်ပုံအားဖြင့် နိုင်ငံတော်အထိမ်းအမှတ်ကို ဆင်ယင်ပြသခြင်းတို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသို့ တရားဝင်စေလွှတ် ထားသော နိုင်ငံခြားအဖွဲ့အစည်းများ၏အလံကို မိမိတို့၏အမျိုးသားနေ့၊ အခြားအရေးကြီးသော နေ့ရက်များမှာ လွှင့်ထူရန်ကိုလည်းကောင်း၊ ချစ်ကြည်ရေးအဖွဲ့၊ အားကစားအဖွဲ့များ၊ ယဉ်ကျေးမှု စသည်တို့ ရောက်ရှိလာတဲ့အခါမှာ သက်ဆိုင်ရာနိုင်ငံအလံ လွှင့်ထူရန်ကိုလည်းကောင်း ပြင်ဆင်ပြသလိုတဲ့ နိုင်ငံတစ်ခုသည် ယခုတည်ဆဲအက်ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံတော်သမ္မတနှင့် ယင်းကတာဝန်ပေးအပ်ထားတဲ့ အရာရှိထံ ဆင်ယင်ပြသမှုနှင့်စပ်လျဥ်းပြီး ယခုတည်ဆဲ အက်ဥပဒေ ပုဒ်မ ၃ အရ ကင်းလွတ်ခွင့်လျှောက်ထားရပါတယ်။ ဒီလိုလျှောက်ထားမှုကို ပြသပုံနည်းလမ်း စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ကာလအပိုင်းအခြားသတ်မှတ်ခြင်းတို့ဖြင့် ခွင့်ပြုချက်ပေးနိုင် ပါတယ်။ ယင်းအက်ဥပဒေပုဒ်မ ၃ အရတားမြစ်ချက်များကို လိုက်နာရန်က ပျက်ကွက်သူအပေါ် ယင်းဥပဒေ ပုဒ်မ ၆ တွင် ဖော်ပြထားသော အရေးယူပုံ အဆင့်ဆင့်အတိုင်း ဆောင်ရွက်ရ မည်ဖြစ်ပါတယ်။ သည့်နောက် ယင်းဥပဒေပုဒ်မ ၇ အရ တရားဝင်သုံးစွဲခွင့် ရှိသူမဟုတ်ပါက ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀ ကျပ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရ မည်ဖြစ်ပါတယ်။ သို့သော် တရားဝင်သုံးစွဲခွင့်ရှိသူသည် ယင်းအက်ဥပဒေကို တိကျစွာမလိုက်နာလျှင် ကျပ်ငွေ ၁၀၀၀ ထက်မပိုတဲ့ ငွေဒဏ်စီရင်ခြင်း ခံရမည်ဖြစ်ကြောင်းကိုလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ယခု ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ ရေးဆွဲပေးပို့သော ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ ဆင်ယင်ပြသမှု ကန့်သတ်ရေးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းမှာ အခန်း ၄ ခန်း၊ ပုဒ်မ ၁၀ ခုဖြင့် ပြင်ဆင်ရေးဆွဲထားကြောင်း တွေ့ရှိရပါတယ်။ မူလဥပဒေရေးဆွဲ ထားခြင်းအပေါ် ပိုမို၍ ဥပဒေရေးထုံး နည်းကျစေရန် အခန်းခေါင်းစဉ်များ ကဏ္ဍအလိုက်ဖော်ပြခြင်း၊ ပုဒ်မများဖော်ပြရာတွင် နည်းလမ်းတကျ ဖော်ပြခြင်း၊ ခေတ်ကာလနှင့် လျော်ညီသည့် အသုံးအနှုန်းများ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ် ပတ်သက်၍

လိုက်လျောညီထွေဖြစ်သော်ပြစ်ဒဏ်၊ တန်ဖိုးငွေသတ်မှတ်ခြင်းစသော မူလဥပဒေနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိစေဘဲ ပြင်ဆင်ရေးဆွဲထားကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး ရေးဆွဲထားသော ဥပဒေမူကြမ်းမှာ မူလအက်ဥပဒေပါ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်ဟူသော စကားရပ်အစား ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ခြင်း၊ မူလအက်ဥပဒေတွင် အခန်းများ ခွဲခြားခြင်း၊ အခန်းခေါင်းစဉ်များ ဖော်ပြမထားခြင်းအစား ယခုဥပဒေကြမ်းတွင် အခန်း ၄ ခန်းခွဲခြားထားပြီး အခန်း ၁ တွင် အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်ကိုလည်းကောင်း၊ အခန်း ၂ တွင် ဆင်ယင်ပြသခြင်းဟူ၍လည်းကောင်း၊ အခန်း ၃ တွင် စစ်ဆေးအရေးယူခြင်းဟူ၍လည်းကောင်း၊ အခန်း ၄ တွင် ပြစ်မှုနှင့် ပြစ်ဒဏ်များဟူ၍ လည်းကောင်း အသီးသီးပြင်ဆင်ထားကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် မူလအက်ဥပဒေရဲ့ ပုဒ်မ ၃ နှင့် ၆ ကို ပုဒ်မခွဲငယ်များ ၁၊ ၂ ဟူ၍ ဖော်ပြမည့် အစား ပုဒ်မခွဲများတွင် (က)၊ (ခ) ဟုပြန်လည်ပြင်ဆင်ခြင်း၊ မူလအက်ဥပဒေ ၄ ရဲ့ ပြဋ္ဌာန်းချက်များမှာ အမျိုးသားခေါင်းဆောင်ကြီးရဲ့ ပုံကို ရုံးဌာနများနှင့် နေအိမ်အဆောက်အဦများတွင် အလေးအမြတ် ထား၍ ချိတ်ဆွဲဆင်ယင်ခြင်း ဟူသည့်စကားရပ်များ ထပ်မံဖြည့်စွက်ခြင်း၊ မူလအက်ဥပဒေ၏ ပုဒ်မ ၆ တွင်ပါရှိသော ခရိုင်ရာဇဝတ်တရားသူကြီး ဆိုသည့်စကားရပ်အစား ခရိုင်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ် တရားသူကြီး စကားရပ်အစားမြို့နယ်တရားသူကြီး၊ ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်တရားသူကြီး ဆိုသည့်စကားရပ်အစား ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ်အာဏာ အပ်နှင်းခြင်းခံရသောတရားသူကြီး၊ ရာဇဝတ်တရားသူကြီး ဆိုသည့် စကားရပ်အစား တရားသူကြီးဟူ၍လည်းကောင်း စကားရပ်များကို ခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်ထား ကြောင်းလည်း တွေ့ရှိရပါတယ်။ ပြစ်မှုနှင့် ပြစ်ဒဏ်အပိုင်းတွင်လည်း ခေတ်ကာလနှင့်လျော်ညီ စေရန်အတွက် ယခုအက်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ခ) ၌ ပါရှိသော တရားဝင်အဖွဲ့မှတစ်ပါး အခြားသူဖြစ် လျှင် ၆ လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်ဟူသော သတ်မှတ်ချက်အစား တရားဝင်အသင်းအဖွဲ့မှတစ်ပါး၊ တစ်ခြားသူဖြစ်လျှင် ၁ နှစ်အထိ

ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀ ထက်မပိုသောငွေဒဏ်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည်ဟူ၍လည်းကောင်း၊ တရားဝင်အဖွဲ့ဖြစ်လျှင် ကျပ် ၁၀၀၀ ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်ဟူသည့် စကားရပ်အစား တရားဝင်အသင်းအဖွဲ့ဖြစ်လျှင် ကျပ် ၁၀၀၀၀၀ ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်ဟူ၍လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းချက် များကိုလည်း အစားထိုးပြင်ဆင်ထားကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ ဆင်ယင်ပြသမှု ကန့်သတ်ရေးအက်ဥပဒေကို ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ ပြင်ဆင်ရေးဆွဲသည့် ဥပဒေသည် မူလဥပဒေ၏ ဥပဒေရေးထုံးများကို ပိုမို၍ စနစ်ကျဖြစ်ပေါ်စေရန်အတွက်လည်းကောင်း၊ မူလဥပဒေရဲ့ အသုံးအနှုန်းများကို ခေတ်ကာလနှင့်လျော်ညီစေရန်အတွက် လည်းကောင်း ပြင်ဆင်ရေးဆွဲ ထားကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရေးဆွဲသော ဥပဒေမူကြမ်းအား ကန့်ကွက်ရန်မရှိပါကြောင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေး အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးတင်သွင်းတာက ဥပဒေကြမ်း တစ်ခုပဲဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က ဆုံးဖြတ်တယ်ဆိုရင် တင်ပြတဲ့ အချက်တွေအပေါ်မူတည်ပြီးတော့ အသေးစိတ်အပိုဒ်လိုက် ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးတင်ပြသွားတဲ့ ပြင်ဆင်ချက်များအပြင် ထပ်မံပြင်ဆင်စရာတွေလည်း များစွာရှိဦးမှာဖြစ်ပါတယ်။ အဓိကကတော့ ဒီနေ့ ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦး တင်သွင်းတဲ့ ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပေးဖို့ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးတင်မောင်ဦး တင်ပြတဲ့ ဥပဒေကြမ်းကို လွှတ်တော်ကဆက်လက်ဆွေးနွေးရန် သဘောတူပါသလား။ သဘောမတူတဲ့သူ ရှိပါ သလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူမရှိတဲ့အတွက် ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးတင်သွင်းတဲ့ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း ကို ပြည်သူ့လွှတ်တော်ကလက်ခံဆွေးနွေးရန်အဆိုတင်သွင်းဖို့ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးလွင်ဦး(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ ရိုသေလေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ကိုယ်စိတ်နှစ်ပါးရွှင်လမ်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သံလျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဝင် ဦးလွင်ဦး ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ကိုယ်စား ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ဖြစ်တဲ့ ယနေ့မှာ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှု ဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့် ဥပဒေကြမ်းမှာ အခန်းပေါင်း ၇ ခန်းနှင့် ပုဒ်မပေါင်း ၂၂ ခု ပါဝင်ပါတယ်။ ယခုဥပဒေကြမ်းကို တင်သွင်းရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စာချွန်တော်အမိန့်များကို တရားလွှတ်တော်ချုပ်က လက်ခံဆောင်ရွက်ခဲ့ကြောင်းလေ့လာတွေ့ရှိခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရ လက်ထက်မှာတော့ အမှုခေါ်စာချွန်တော်အမိန့်များကိုသာဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က

အာဏာပိုင်မေး စာချွန်တော်အမိန့်ကဲ့သို့ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ပုဒ်မ ၂၉၆ မှာ ပြည်ထောင်စုတရားသူကြီးချုပ်အား စာချွန်တော်အမိန့် ၅ မျိုးထုတ်ပိုင်ခွင့်အာဏာအပ်နှင်းထားကြောင်းနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း(၈)ပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့်စပ်လျဥ်းပြီး စာချွန်တော် အမိန့်များလျှောက်ထားခွင့်ရှိကြောင်းကိုလည်း ပြဋ္ဌာန်းထားပါတယ်။ စာချွန်တော်အမိန့်များ လျှောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဥ်းပြီးတော့ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်ထားတာရှိပြီးတော့ ဥပဒေတစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်ထားခြင်းမရှိသေးတာကို လည်းတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) ပုဒ် ၃၇၈(က)မှာ ဤအခန်း၌ပေးအပ်ထားသော အခွင့်အရေးများနှင့်စပ်လျဥ်း၍ လျှောက်ထားလာသည့်ကိစ္စရပ်များ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါစာချွန်တော်အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိသည်-

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်

(၂) အာဏာပေးစာချွန်တော်အမိန့်

(၃) တားမြစ်စေစာချွန်တော်အမိန့်

(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်

(၅) အမှုခေါ်စာချွန်တော်အမိန့်

ဆိုတဲ့ စာချွန်တော်အမိန့်များဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေ့ ကျွန်တော်တို့ ပြည်သူလူထုဟာဆိုလို့ ရှိရင် သူတို့ရရှိခံစားရမယ့်အခွင့်အရေးများကို လက်တွေ့မှာရရှိခံစားရခြင်း မရှိသလောက်ဖြစ်နေပါတယ်။ စာချွန်တော်အမိန့်များလျှောက်ထားမှုဆိုင်ရာလုပ်ထုံး၊ လုပ်နည်းတွေဟာလည်း အခက်အခဲများ စွာဖြစ်ပေါ်စေတာကိုတွေ့ရှိရပါတယ်။ အဲ့ဒီအတွက် ကြောင့် ကျွန်တော်တို့ ကော်မတီအနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ

စာချွန်တော်အမိန့်များ လျှောက်ထားမှုဆိုင်ရာလုပ်ထုံး၊ လုပ်နည်းအချို့ကို ပြန်လည်ပြင်ဆင်ပေးဖို့ အဆိုတင်သွင်းခဲ့ပါတယ်။ ယနေ့အထိတော့ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါဘူး။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်ဆိုလို တဲ့သဘောကတော့ ၁၉၄၇ ခုနှစ်ကနေပြီးတော့ ယနေ့အထိဆိုရင် နှစ်ပေါင်း ၆၀ ကျော်လောက် ဒီစာချွန်တော်တွေနှင့်ပတ်သက်ပြီးတော့ ပြည်သူလူထုမှာအကျိုးခံစားခွင့်မရရှိသေးပါဘူး။ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေကနေ ပေးထားတဲ့ နိုင်ငံသားတွေရဲ့အခွင့်အရေးတွေ အပြည့်အဝရရှိရေး၊ နိုင်ငံသားတွေရဲ့ရပိုင်ခွင့်တွေ အပြည့်အဝရရှိရေးအတွက် ယခုတင်သွင်းတဲ့ ၂၀၁၃ ခုနှစ် စာချွန်တော် အမိန့်လျှောက်ထားမှု ဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း လက်ခံဆွေးနွေးပေး ကြဖို့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တင်သွင်းတဲ့အဆိုအပေါ် ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါ တယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတား မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သံလျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး အဆိုတင်သွင်းသွားတဲ့ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်မှာလက်ခံဆွေးနွေး သင့်ပါ ကြောင်း ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ရိုသေလေးစား ရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၆) တရားစီရင်ရေးနှင့်

ပတ်သက်ပြီး ပုဒ်မ ၂၉၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါစာချွန်တော် အမိန့်များကိုထုတ်ပိုင်ခွင့်ရှိသည်လို့ဆိုထားပါတယ်။ ဒီနေရာမှာ -

(က) ရှေ့တော်သွင်းစာချွန်တော်အမိန့်

(ခ) အာဏာပေးစာချွန်တော်အမိန့်

(ဂ) တားမြစ်စေစာချွန်တော်အမိန့်

(ဃ) အာဏာပိုင်မေးစာချွန်တော်အမိန့်

(င) အမှုခေါ်စာချွန်တော်အမိန့်

တို့ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေး နှင့် တာဝန်များအခန်း ပုဒ်မ ၃၇၈(က)တွင် ပေးအပ်ထားသော အခွင့်အရေးများနှင့်စပ်လျဉ်း၍ လျှောက်ထားသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့် တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာ ရှိရမည်လို့ဆိုထားပါတယ်။ ဒါဟာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကိုပေးထားတဲ့ အာဏာဖြစ်ပါတယ်။ စာချွန်တော်အမိန့်ဟာ ဒီကနေ့ နိုင်ငံသားများရဲ့တရားဝင်ရပိုင်ခွင့်ရှိနဲ့ နစ်နာချက်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ် ပေးထားသော မဟာ မဟာအခွင့်အရေးကြီးဖြစ်ပါတယ်။ နောက်ဆုံးလက်လျှော့ရမည့် လူနာအတွက် လည်း အသက်ကယ်ဆေးလို့ခေါ်ဆိုနိုင်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို နစ်နာနေသူပြည်သူတွေအတွက် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်းအဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။ **ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေရန် နှုတ်ခွန်းဆက်သအပ်ပါတယ်။ တရားစီရင်ရေးနဲ့ဥပဒေ ရေးရာကော်မတီက တင်သွင်းတဲ့ စာချွန်တော်အမိန့် လျှောက်ထားခြင်းအခွင့်အရေးဟာ စာချွန်တော် အမိန့်လျှောက်ထားခြင်းဆိုင်ရာဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ စာချွန်တော်အမိန့် လျှောက်ထားခြင်း ဆိုင်ရာအခွင့်အရေးဟာ နိုင်ငံတကာမှာ ကျင့်သုံးတဲ့အခွင့်အရေးဖြစ်ပြီးတော့ ဒီအခွင့်အရေးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေး Constitutional Right ဖြစ်ပါတယ်။ Common Law System ကျင့်သုံးတဲ့နိုင်ငံတွေမှာ တရားဥပဒေစိုးမိုးရေး (Rule of law) ကို အခြေခံပြီးတော့မှ စာချွန်တော်အမိန့်လျှောက်ထားခြင်းဆိုင်ရာ အခွင့်အရေးများ ပေါ်ပေါက်ခဲ့ ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ စာချွန်တော်အမိန့်လျှောက်ထားခြင်းဆိုင်ရာ အခွင့်အရေးကို ကျင့်သုံးလေ့ရှိရာမှာ မြန်မာနိုင်ငံမှာလဲ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့မှာ စာချွန်တော်အမိန့်လျှောက်ထားခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင် ပါတယ်။ စာချွန်တော်အမိန့်လျှောက်ထားခြင်းနဲ့စပ်လျဉ်းပြီးတော့ အကောင်အထည်ဖော်ခွင့်ကို သာမန် တရားများကို အပ်နှင်းလေ့မရှိဘဲနဲ့ နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးကိုသာ အာဏာအပ်နှင်းပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ တရားလွှတ်တော်ချုပ်ကို အာဏာအပ်နှင်းခဲ့ပြီးတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အာဏာအပ်နှင်း ပါတယ်။ မြန်မာနိုင်ငံမှာတော့ ၁၉၄၇ ခုနှစ်နဲ့ ၁၉၆၂ အထိ စာချွန်တော် ၅ မျိုးကို ကျင့်သုံးခဲ့ပြီးတော့ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ အမှုခေါ်စာချွန်တော်တစ်မျိုးကိုသာ ကျင့်သုံးကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆၊ ၁၇ တို့ မှာ စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာရှိကြောင်းပြဋ္ဌာန်းထားပြီးတော့ ပုဒ်မ ၇၃ မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ လိုအပ်တဲ့နည်းဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းထားတဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း အကောင်အထည်ဖော်

ဆောင်ရွက်နေတယ်လို့ ယူဆပါတယ်။ စာချွန်တော်ဟာ တရားဥပဒေစိုးမိုးရေး(Rule of Law)နဲ့ သဘာဝတရားမျှတမှု(Natural Justice)တို့ကို အခြေခံပါတယ်။ ဒီတင်ပြပါ ဥပဒေကြမ်းမှာ အချက်အလက်အရေးအသားများနဲ့စပ်လျဉ်းပြီးတော့ ဆွေးနွေးအကြံပြုရန် အချက်တွေရှိပေမယ့်လို့ ဒီကနေ့မှာတော့ ဥပဒေကြမ်းကို လက်ခံဆွေးနွေးဖို့ သင့်/မသင့် ဆုံးဖြတ်ဖို့သာဖြစ်တဲ့အတွက် တင်ပြပါအချက်များအပေါ် ဥပဒေပြုရန် သင့်/မသင့် လွှတ်တော်မှ သုံးသပ်ဆုံးဖြတ်ဆောင်ရွက်နိုင် ပါရန် တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထာင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ တရားစီရင်ရေးနဲ့ဥပဒေရေးရာကော်မတီမှ တင်သွင်းတဲ့ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းတင်သွင်းတဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီရဲ့စေတနာကို နားလည်သဘောပေါက်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်အနေနဲ့ ကတော့ သုံးသပ်စဉ်းစားနိုင်ရန် အကြံပြုချက်တစ်ရပ်ကိုပဲ တင်ပြလိုပါတယ်။ ဆက်လက်ပြီး တင်ပြလိုတာကတော့ မြန်မာနိုင်ငံတော်မှာ စာချွန်တော်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာ ကျင့်သုံးခဲ့ပုံ သမိုင်းကြောင်း ဖြစ်ပါတယ်။ ၁၉၂၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ မြန်မာပြည်အတွက် တရား လွှတ်တော် High Court of the Judicature ဆိုတဲ့ လွှတ်တော်တစ်ရပ်ကို သီးခြားဖွဲ့စည်း တည်ထောင်ပါတယ်။ အဲဒီလို တည်ထောင်ပြီးတဲ့နောက်မှာ အဲဒီတရားလွှတ်တော်က စာချွန်တော် အမိန့်ထုတ်ပြန်ခွင့်အာဏာ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်တဲ့ တရားလွှတ်တော်ချုပ်မှာလည်း စာချွန်တော်ထုတ်ပေးရန် အာဏာများ ပေးထားတာ

တွေ့ရပါတယ်။ ၁၉၆၂ ခုနှစ်မှာတော့ တော်လှန်ရေးကောင်စီက ၃၀-၃-၁၉၆၂ ခုနှစ် ရက်စွဲပါကြေညာချက်အမှတ် ၂၅ ကို ထုတ်ပြန်ပြီးတော့ တရားရုံးချုပ်ကို ဖွဲ့စည်း တည်ထောင်ခဲ့တဲ့နေရာမှာတော့ တရားရုံးချုပ်မှာ အမှုခေါ်စာချွန်တော်တစ်ခုကိုပဲ ထုတ်ပိုင်ခွင့်ပေးထား ပါတယ်။ တခြားစာချွန်တော်များ ထုတ်ပိုင်ခွင့်ကိုတော့ အပ်နှင်းထားခြင်း မရှိပါဘူး။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လည်းကောင်း၊ ပြည်ထောင်စုတရား စီရင်ရေးဥပဒေမှာလည်းကောင်း ပြည်ထောင်စုတရား လွှတ်တော်ချုပ်က စာချွန်တော်အမိန့် ထုတ်ဆင့် ပိုင်ခွင့်များ ပြန်လည်ရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတရားစီရင်ရေးသမိုင်းကို လေ့လာကြည့်တဲ့အခါမှာတော့ အထက်မှာ ဖော်ပြထားတဲ့အတိုင်းပဲ High Court of Judicature တို့၊ တရားလွှတ်တော်ချုပ်တို့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ဟာ စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်ရရှိခြင်းဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပေးအပ်ထားတဲ့အတိုင်း အခွင့်အာဏာရရှိခြင်း ဖြစ်ပါတယ်။ ကိုလိုနီခေတ်ကစပြီးတော့ ယနေ့အချိန်တိုင်အောင် စာချွန်တော်အမိန့်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းခဲ့တာမျိုးတော့ မတွေ့ရှိရ ပါကြောင်း တင်ပြအပ်ပါတယ်။ စာချွန်တော်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ တို့မှာလည်း ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာ ဥပဒေတို့ရဲ့ဥသျှောင် ပင်မဥပဒေကြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတို့ရဲ့ ဥပဒေအရ ရပိုင်ခွင့်အခွင့်အရေးတွေကို ပြဋ္ဌာန်းထားပါတယ်။ ဥပဒေအရ ရပိုင်ခွင့်အခွင့်အရေးတွေကို ဖော်ဖျက်ခြင်းခံရပါက စာချွန်တော်အမိန့်နဲ့ ပြန်လည်ရရှိအောင် ကုစားနိုင်ကြောင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ စာချွန်တော်အမိန့်ထုတ်ဆင့်ပိုင်ခွင့်တွေ ရရှိခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ထို့အတူပဲ နိုင်ငံအများစုဟာ မိမိတို့ အခြေခံဥပဒေမှာပဲ စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့် အာဏာနဲ့စပ်လျဉ်းပြီး ပြဋ္ဌာန်းထား ကြပါတယ်။ တချို့ကတော့ Union Judiciary Act ဆိုတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမျိုးမှာ ပြဋ္ဌာန်းတာလည်းတွေ့ရပါတယ်။ သို့သော်လည်းပဲ သီးခြားစာချွန်တော်လျှောက်ထားမှုဆိုင်ရာ ဥပဒေ ရယ်လို့ သီးသန့်ပြဋ္ဌာန်းထားတာတော့

မတွေ့ရှိရကြောင်း တင်ပြလိုပါတယ်။ ၁၉၂၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ တရားစီရင်ရေးဥပဒေနှစ်ရပ်တို့မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကို ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် သီးခြားစာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းဖို့ အတွက် သီးခြားဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်တော့ ဥပဒေတွေဟာ ထပ်နေတဲ့ ပြဿနာမျိုးပေါ်ပေါက်နိုင်ပါတယ်။ ဒါကြောင့် ၁၉၂၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စု တရားစီရင်ရေးဥပဒေတို့နဲ့ လိုက်လျောညီထွေရှိမယ့် နည်းဥပဒေများကိုသာ ရေးဆွဲပြဋ္ဌာန်းရန် လိုအပ် မယ်လို့ ယူဆအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော် အမိန့်လျှောက်ထားမှု ဆိုင်ရာနည်းဥပဒေများကို ရေးဆွဲခဲ့ပြီးတော့ လွှတ်တော်နှစ်ရပ်မှာ တင်ပြထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းရန် လို/မလို သုံးသပ်စဉ်းစားသင့် ပါကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ တင်သွင်းတဲ့ ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းတင်သွင်းတဲ့ တရားစီရင်ရေးရာနှင့် ဥပဒေ ရေးရာ ကော်မတီတို့ရဲ့ စေတနာကို နားလည်သဘောပေါက်ပါကြောင်းပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ သုံးသပ်စဉ်းစားနိုင်ရန်အတွက် အကြံပြုချက်တစ်ရပ်ကိုပဲ

တင်ပြလိုပါတယ်။ ဆက်လက်ပြီးတင်ပြလိုတာကတော့ မြန်မာနိုင်ငံမှာ စာချွန်တော်အမိန့် ထုတ်စစ်ပိုင်ခွင့်အာဏာ ကျင့်သုံးခဲ့ပုံသမိုင်းကြောင်းဖြစ်ပါတယ်။ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ မြန်မာပြည်အတွက် တရားလွှတ်တော် High Code of Judicature ဆိုတဲ့ လွှတ်တော် တစ်ရပ်ကို သီးခြားဖွဲ့စည်း တည်ထောင်ပါတယ်။ အဲ့ဒီလိုတည်ထောင်ပြီးတဲ့နောက်မှာ အဲ့ဒီတရားလွှတ်တော်က စာချွန်တော်အမိန့် ထုတ်ပြန်ခွင့်အာဏာရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းတည်ထောင်တဲ့ တရားလွှတ်တော်ချုပ်မှာလည်း စာချွန်တော်ထုတ်ပေးရန်အာဏာ များ ပေးထားတာတွေ့ရပါတယ်။ ၁၉၆၂ ခုနှစ်မှာတော့ တော်လှန်ရေးကောင်စီက ၃၀-၃-၁၉၆၂ ရက်စွဲ ကြေညာချက်အမှတ် ၂၅ ကိုထုတ်ပြန်ပြီးတော့ တရားရုံးချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့နေရာမှာတော့ တရားရုံးချုပ်မှာ အမှုခေါ် စာချွန်လွှာတစ်ခုလိုပဲ ထုတ်ပိုင်ခွင့်ပေးထားပြီးတော့ အခြားစာချွန်တော်များ ထုတ်ပိုင်ခွင့်ကိုတော့ အပ်နှင်းထားခြင်းမရှိပါဘူး။ ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေမှာ လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် ထုတ်ဆင့်ပိုင်ခွင့်များ ပြန်လည်ရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတရားစီရင်ရေးသမိုင်းကို လေ့လာကြည့်တဲ့အခါမှာတော့ အထက်မှာ ဖော်ပြထားတဲ့အတိုင်းပဲ High Code of Judicature တို့၊ တရားလွှတ်တော်တို့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ဟာ စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်ရရှိခြင်းဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပေးအပ်ထားတဲ့အတိုင်း အခွင့်အာဏာရရှိခြင်းဖြစ်ပါတယ်။ ကိုလိုနီခေတ်ကစပြီးတော့ ယနေ့အချိန်တိုင်အောင် စာချွန်တော်အမိန့်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းခဲ့တာမျိုးတော့ မတွေ့ရှိရ ပါကြောင်း တင်ပြအပ်ပါတယ်။ စာချွန်တော်အမိန့်ထုတ်ဆင့် ပိုင်ခွင်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၁ တို့မှာလည်း ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆို တာဟာ ဥပဒေတို့ရဲ့ ဥဩောင်ပင်မဥပဒေကြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတို့ရဲ့ ဥပဒေအရ ရပိုင်ခွင့် အခွင့်အရေးတွေကို ပြဋ္ဌာန်းထားပါတယ်။ ဥပဒေအရ ရပိုင်ခွင့် အခွင့်အရေးတွေကို ဖောက်ဖျက်ခြင်းခံရပါက

စာချွန်တော်အမိန့်နှင့် ပြန်လည်ရရှိအောင် ကုစားနိုင်ကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ အရ စာချွန်တော်အမိန့် ထုတ်ဆင့်ပိုင်ခွင့်တွေ ရရှိခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ထိုအတူပဲ နိုင်ငံအများစုဟာ မိမိတို့ရဲ့ အခြေခံဥပဒေမှာပဲ စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းထားကြပါတယ်။ တချို့ကတော့ Union Judicial Act ဆိုတဲ့ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေမျိုးမှာ ပြဋ္ဌာန်းတာလည်းတွေ့ရပါတယ်။ သို့သော်လည်းပဲ သီးခြားစာချွန်တော် လျှောက်ထားမှု ဆိုင်ရာ ဥပဒေရယ်လို့ သီသန့်ရေးဆွဲပြဋ္ဌာန်းထားတာတော့ မတွေ့ရှိရကြောင်း တင်ပြပါတယ်။ ၁၉၂၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ၂ ရပ်တို့မှာ စာချွန်တော်အမိန့် ထုတ်ဆင့်ပိုင်ခွင့် အာဏာကို ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် သီးခြားစာချွန်တော်အမိန့် လျှောက်ထားမှု ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းဖို့အတွက် သီးခြားဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်တော့ ဥပဒေ တွေဟာ ထပ်နေတဲ့ ပြဿနာမျိုးပေါ်ပေါက်နိုင်ပါတယ်။ ဒါ့ကြောင့် ၁၉၂၈ ခုနှစ် ဖွဲ့စည်းပုံးအခြေခံ ဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးတို့နဲ့ လိုက်လျောညီထွေရှိမယ့် နည်းဥပဒေများကိုသာ ရေးဆွဲ ပြဋ္ဌာန်းရန် လိုအပ်မယ်လို့ ယူဆပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ နည်းဥပဒေများကို ရေးဆွဲခဲ့ပြီးတော့ လွှတ်တော် ၂ ရပ်မှာ တင်ပြထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းရန်လို/မလို သုံးသပ်စဉ်းစားသင့်ပါကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလို ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ဆွေးနွေးပေးသွားတဲ့ အတွက် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့ နိုင်ငံသားတွေရင်းနှီးမှု အကျွမ်းအဝင်မရှိသော ဥပဒေရေးရာကိစ္စ များကို နားလည်ခွင့်ရရှိပါတယ်။ ကျွန်တော်တို့ လူလားမြောက်တဲ့အရွယ်က ယနေ့အထိ ယနေ့ဆိုတာ ပြီးခဲ့တဲ့ အစိုးရလက်ထက်အထိ ဒီလိုစာချွန်လွှာအမိန့်များနှင့်ပတ်သက်ပြီးတော့ ဂဃနဏ သိရှိဖို့နည်း ပါတယ်။ ထိုနည်းတူစွာပဲ

တရားရေးဆိုင်ရာကိစ္စရပ်များနှင့် အသက်မွေးဝမ်းကျောင်းနေကြတဲ့ ကိစ္စများဆိုင်ရာ ပုဂ္ဂိုလ်များသည်ပင်လည်း သိရှိမှု ကျွမ်းဝင်မှုနည်းပါတယ်။ သို့ရာတွင် ဒီနေ့ အဆိုတင်သွင်းခဲ့တဲ့ အဆိုပါဆွေးနွေးခဲ့တဲ့ ပြီးခဲ့တဲ့ လွှတ်တော်ကာလတုန်းကလည်း ဒီကိစ္စနှင့်ပတ်သက်လို့ ဆွေးနွေးညှိနှိုင်း ခဲ့တာလည်းရှိပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ မိမိတို့လွှတ်တော်ရဲ့ တာဝန်၊ မိမိတို့လွှတ်တော်ရဲ့ လုပ်ငန်းများကိုဆက်စပ်ပြီးတော့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များလည်း သိရှိသုံးသပ်ဆောင်ရွက် ဖို့လိုပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ (က)မှာ နိုင်ငံတော်ရဲ့အချုပ်အခြာ အာဏာရဲ့ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ပြုသည်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ထိုနည်းတူစွာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂ (က)မှာလည်း နိုင်ငံတော်ရဲ့ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် ဥပဒေပြုရေးအာဏာကို ဥပဒေပြုကြရမယ့် လွှတ်တော်များရဲ့လက်ဝယ်မှာ ရှိပါတယ်။ ဒါကြောင့် ဥပဒေပြုကြမယ့် လွှတ်တော်များဟာ ပြည်သူ့ကိုယ်စားလှယ်များပါဝင်ဖွဲ့စည်းထားတဲ့အတွက် ဥပဒေပြုရေး လုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ယူတာဝန်ခံဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ခံယူကျင့်သုံးနေတာကတော့ မိမိတို့ပြဋ္ဌာန်းလိုက်သောဥပဒေများ၊ မိမိတို့ပြုလိုက်သောဥပဒေများသည် နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့အကျိုးစီးပွားကို ဖြစ်စေရမယ်။ သို့တည်းမဟုတ် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးစီးပွားကို ကာကွယ်ရမယ်ဆိုပြီး ရည်မှန်းချက်ထား ဆောင်ရွက် နေတာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများသည် ကြိမ်ဖန်များစွာတင်ပြဆွေးနွေးခဲ့တဲ့ လူတစ်ဦးတစ်ယောက်အတွက်မဖြစ်စေရ။ ထိုနည်းတူစွာပဲ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်စေရ။ နောက်ဆုံး အုပ်ချုပ်ရေးအဖွဲ့ အစိုးရအဖွဲ့အတွက်မဖြစ်စေရ။ အဓိကသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်းအတွက် အကျိုးစီးပွားအတွက်ပဲဖြစ်ရမှာဖြစ်ပါတယ်။ ဒီနှစ်လုံးမူပြီးတော့ လွှတ်တော် များက ဥပဒေများကို ပြဋ္ဌာန်းရတာဖြစ်ပါတယ်။ ဒီစာချွန်လွှာနှင့်ပတ်သက်ပြီးတော့

ပြည်သူများ ဆုံးရှုံးတဲ့ အခွင့်အရေးတွေကို မနစ်နာရအောင် ဆောင်ရွက်ပေးတဲ့ ဥပဒေတစ်ခုဖြစ်သလို ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာလည်း အတိအလင်းပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ သက်ဆိုင်ရာ တရားရေးရာနှင့် ဥပဒေရေးရာကော်မတီကတင်သွင်းတဲ့ ဒီဥပဒေကြမ်းကို လွှတ်တော်မှာ လက်ခံ ဆွေးနွေးရန် သင့်/မသင့်ကိုပဲ ကျွန်တော်တို့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒီလိုဆုံးဖြတ်ပြီးတဲ့နောက်ပိုင်းမှာ လက်ခံဆွေးနွေးရန်သင့်တယ် ဆိုလို့ရှိရင် ဒီဥပဒေအပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များဝင်ရောက်ဆွေးနွေးရမှာဖြစ်ပါ တယ်။ အဲဒီလို ဆွေးနွေးပြီးတဲ့အခါမှာမှ ဥပဒေကြမ်းမှာပါသင့်ပါထိုက်တဲ့ အချက်များပါရှိစေပြီး မပါသင့်မပါထိုက်တဲ့အချက်များ ပယ်ဖျက်ရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းသည် လွှတ်တော်ကော်မတီ အဆင့်ဆင့်နဲ့ နောက်ဆုံး ဒီလွှတ်တော်ခန်းမကြီးထဲမှာ ဆွေးနွေးဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒါတင်မက မိမိတို့ပြည်သူ့လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပြီးတဲ့ ဥပဒေကြမ်းကိုလည်း အမျိုးသားလွှတ်တော်ကို လွှဲအပ်ပို့ဆောင်ပေးရမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာလည်း ဒီဥပဒေကြမ်းပေါ်မူတည် ပြီးတော့ အဘက်ဘက်အပြန်အလှန်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီပေါ်မူတည်ပြီးမှ ထွက်ပေါ်လာတဲ့ အဖြေဟာ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်ထားတဲ့ ကိစ္စများနှင့် အမျိုးသားလွှတ်တော်က ဆုံးဖြတ်တဲ့ ကိစ္စများ သဘောတူညီတယ်လို့မှတ်ယူတယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်ကို ပေးပို့စရာမလိုဘဲနဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီသည်ဟု မှတ်ယူတဲ့ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတထံပေးပို့ ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဆီရောက်တဲ့အခါမှာလည်း အပြန်အလှန် ထိန်းကျောင်းတဲ့သဘောနဲ့ နိုင်ငံတော်သမ္မရဲ့အကြံပေးအဖွဲ့များပေါ်မှာပြန်ပြီတော့ မှတ်ချက်တွေပြုပြီးတော့ ပြည်ထောင်စု လွှတ်တော်ကိုပြန်ပေးရတဲ့လုပ်ငန်းစဉ်လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကပြဋ္ဌာန်းလိုက် တယ်ဆိုတဲ့ ဥပဒေများသည် အပြန်အလှန်ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး ဖြစ်ပေါ်လာတဲ့ ကိစ္စများဖြစ်တဲ့ အတွက် ဥပဒေကောင်းတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ သဘောထားမေးမြန်းမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက

တင်သွင်းလာတဲ့ စာချွန်တော်လျှောက် ထားမှုဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။

**အချိန်၊**

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို အချိန်နာရီတွင် ရပ်နားပါသည်။]